မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်းထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်၊ ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၇)၊ အမှတ် (၈၀)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လောကနန္ဒာစွယ်တော်ဘုရားအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပုဂံညောင်ဦးရှိဘုရားများအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကြည်ညို

နေပြည်တော် ဒီဇင်ဘာ ၁၈

မန္တလေးတိုင်း ပုဂံ ညောင်ဦးခွဲ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ဒီဇင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီတွင် ပုဂံရှိ အာနန္ဒာဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အာနန္ဒာဘုရား အနောက်ဘက်မုခ်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် အာနန္ဒာဘုရား လိုဏ်အတွင်းလှည့်လည်၍ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုသည်။

ဖူးမြော်ကြည်ညို

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အာနန္ဒာဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းပြီး အာနန္ဒာစေတီတော်အား ဖူးမြော်ကြည်ညိုကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၅ ရက် ညနေပိုင်းတွင်လည်း လောကနန္ဒာစွယ်တော်ဘုရားသို့ ရောက်ရှိကြပြီး ဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁** ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လောကနန္ဒာစွယ်တော်ဘုရားအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
သူ့ဒုစု ဒုမင်္ဂလာဦးဆောင်သည်
Established 1914

အယ်ဒီတို့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာ ၁၉ ရက်)

စီမံကိန်းများ သတ်မှတ်ချိန်ထက်စောပြီးရေး ကြိုးပမ်းဒေသဖွံ့ဖြိုးတိုးတက်ရေး ပိုမိုပြည့်ဆည်းဆောင်ရွက်ပေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အထက်ဗူးရွာ ရေလောင်တမံစီမံကိန်း၊ ကြီးအုံ–ကြီး၀ ရေလောင်တမံစီမံကိန်းလုပ်ငန်းများကို ဒီဇင်ဘာလ ၁၆ ရက်နေ့က လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ လမ်းညွှန်ရာတွင်–

"မိမိတို့၏အင်ဂျင်နီယာများ၊ အတတ်ပညာရှင်များအနေဖြင့် ဆည်တမံတည်ဆောက်ရေးနှင့် စပ်လျဉ်း၍ လုပ်ငန်းအတွေ့အကြုံများစွာ ရရှိထားပြီးဖြစ်ရာ ဆည်တမံလုပ်ငန်းပိုင်းကိုသာမက ရေအားလျှပ်စစ်လုပ်ငန်းကိုလည်း မိမိကိုယ်တိုင် ဒီနိုင်းပုံစံများ တိုင်းတာထုတ်လုပ်နိုင်စွမ်းရှိရန် လိုအပ်ကြောင်း"

မှာကြားခဲ့သည်။

နိုင်ငံတော်က ရေသယ်ဓာတအရင်းအမြစ်များကို အကျိုးရှိစွာအသုံးပြုပြီး လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး သာမက ရေအားလျှပ်စစ်စီမံကိန်းများပါ တိုးမြှင့်ဖော်ဆောင်ပေးလျက် ရှိသည်။

အထက်ဗူးရွာ ရေလောင်တမံစီမံကိန်းကို စေတုတ္တရာဖြို့နယ် သူကောင်းကျင်းကျေးရွာအနီး မုန်ချောင်းအပေါ်ဆုံးအပိုင်း၌ တည်ဆောက်လျက်ရှိရာ စီမံကိန်းပြီးစီးပါက ရေအားလျှပ်စစ် ထုတ်ယူရရှိနိုင်မည့်အပြင် ဗူးရွာရေလောင်တမံကို ပိုမိုအထောက်အကူရရှိစေမည် ဖြစ်သည်။

စေတုတ္တရာဖြို့နယ် ဗူးရွာအနီး ဗူးရွာရေလောင်တမံစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ကြီးအုံ–ကြီး၀ရေလောင်တမံကိုလည်း ပွင့်ဖြူဖြို့နယ် ဝန်လိုကျေးရွာအနီး မုန်ချောင်းပေါ်၌ တည်ဆောက်လျက်ရှိပြီး ရေအားလျှပ်စစ် ၇၄ မဂ္ဂါ၀ပ် ထုတ်လုပ်နိုင်မည် ဖြစ်သည်။

မကွေးတိုင်းအတွင်းရှိ ဒေသများရေရရှိရေး၊ စိမ်းလန်းစိုပြည်ရေးအတွက် ရေကူရေဖြည့်ပေးနိုင်မည့် အထက်ဗူးရွာ၊ ဗူးရွာ၊ မုန်ချောင်းနှင့် ကြီးအုံ–ကြီး၀ ရေလောင်တမံအဆင့်ဆင့် တည်ဆောက်ကာ သီးနှံစိုက်ဧကတစ်သိန်းကို စိုက်ပျိုးရေးပေးဝေအကျိုးပြုသွားမည့်အပြင် ရေအားလျှပ်စစ်ပမာဏ ၃၄၁မဂ္ဂါ၀ပ် ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။

မုန်ချောင်းတစ်လျှောက် တည်ဆောက်လျက်ရှိသော စီမံကိန်းများသည် ဧရာ၀တီ အနောက်ဘက်ကမ်းဒေသ ဖွံ့ဖြိုးတိုးတက်ပြီး ဒေသတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘ၀ မြင့်မားရေးအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမည် ဖြစ်သည်။

သို့ဖြစ်ရာ ဆည်ရေသောက်စနစ်နှင့် ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံစီမံကိန်းများ သတ်မှတ်ချိန်ထက် စောစီးစွာပြီးစီးရေး ကြိုးပမ်းတည်ဆောက်နိုင်သည်နှင့်အမျှ စားနပ်ရိက္ခာ ဖူလုံပိုလျှံမှုနှင့် ဓာတ်အားလိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ချောင်းဆုံ ဖြို့မနှင့်သတ်မှတ်ကျောင်းရွှေတုသဘင်နှင့် အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၈

မှန်ပြည်နယ် ချောင်းဆုံဖြို့နယ် ချောင်းဆုံဖြို့မ အခြေခံပညာမူလတန်း(လွန်) ကျောင်း၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်နှင့် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂ရက်တွင် အဆိုပါကျောင်းရွှေရတုခန်းမ၌ ကျင်းပဆည်းဖြစ်ရာ ရပ်နီးရပ်ဝေးမှ ကျောင်းသား ကျောင်းသူဟောင်းများ မယ္ယက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများလှူဒါန်းလိုပါက ဦးမောင်ခင်(မန္တ လေး) ဖုန်း–၀၉–၂၀–၀၆၆၄၄၄၄၆၂ ဦးစီးဝန်ဝင်(ရန်ကုန်) ဖုန်း–၀၉–၅၁–၇၂၃၁၊ ၀၉–၅၁–၈၂၁၆၂ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြဝတီ ရုပ်မြင်သံကြား

၁၉–၁၂–၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၆:၀၀ ၁။ မြဝတီအဖွင့်
၆:၀၅ ၂။ အဖွင့်သီချင်း
၆:၁၀ ၃။ မျိုးချစ်တပ်မတော်
၆:၂၀ ၄။ မြန်မာ့ပြည်တစ်ဝန်း ရောင်စုမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိန်းဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီး ဖြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြား ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၀၀ ၆။ ကျန်းမာကြွရိုင်ဒိုနိုင်ငံ
၅:၂၀ ၇။ ရင်နှစ်ခန်းဆင်းအချစ်သီချင်း
၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀ ၉။ သာယာသီကြား ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ ကာတွန်းအစီအစဉ် **ငါးကလေးရဲ့ စွန့်စားခန်း** (အပိုင်း–၅)
၆:၄၅ ၁၄။ လျပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုလင်ရုပ်မြင်ဓာတ်လမ်း **ရာဇဝင်တွင်ဝဲ့ သူရဲကောင်း** (အပိုင်း–၁၇)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ English Usage
၂၀။ ပွီဓီဒီကျော်ကြားတေးများ
၂၁။ ယနေ့ည အတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုလင်ရုပ်မြင်ဓာတ်လမ်း **ပြည်ချစ်သူရဲ့ကောင်း** (အပိုင်း–၁၅)

သပြေ့ အထက အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၁၈

ပဲခူးတိုင်း ကဝမြို့နယ် သပြေကျေးရွာအထက ကျောင်းသားကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို ၂၀၀၈ခုနှစ် ဧန်နဝါရီ ၆ရက် (တနင်္ဂနွေ၊ နံနက် ၁၀နာရီတွင် သပြေအထကကျောင်း၌ ကျင်းပဆည်းဖြစ်သည်။ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများ ပူဇော်ပွဲကို တက်ရောက်ကြပါရန်နှင့် ကျောင်းသားကျောင်းသူဟောင်းများလည်း ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ပွဲသို့ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်အလှူ၀စ္စည်းများ ပါ၀င် လှူဒါန်းလိုသူများသည် ဦးတင်လှိုင် ဖုန်း–၅၅၇၄၁၀၉၊ ၅၅၇၇၅၁၀၆၊ ၅၅၇၇၇၅၅၇ တို့သို့ ဆက်သွယ်စုံစမ်း နိုင်ကြောင်း သိရသည်။ **(က–ပ)**

ဝန်ကြီးပိုလ်ချုပ်လှတွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အာဆီယံမြင့်အစည်းအဝေးမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၈

ဝန်ကြီး ဗိုလ်ချုပ်လှတွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံဘာလီကျွန်း ကွင်းပယသည့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ဘဏ္ဍာရေး၀န်ကြီးများ၏ အစည်းအဝေးကို တက်ရောက်ပြီး ယမန်နေ့ညနေပိုင်းက လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ဘဏ္ဍာရေး ၀န်ကြီးများ၏ အဆင့်မြင့် အစည်းအဝေးကို ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၁၀ရက်နှင့် ၁၁ရက်များတွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း Intercontinental Hotel ၏ Puri Kencana Grand Ballroom၌ကျင်းပရာ **(ယာခုံ)** နိုင်ငံပေါင်း၃၆နိုင်ငံမှ ၀န်ကြီးများနှင့် ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းပေါင်း ၁၃ခုမှ အကြီးအကဲများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆောင်ရွက်

အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၁၀ရက် နံနက် ၁၀နာရီတွင် ဆက်လက်ကျင်းပရာ အစည်းအဝေးအား အင်ဒိုနီးရှားသမ္မတ H.E. Dr. Susilo Bambang Yudhoyono က ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် အစည်းအဝေး အစီအစဉ်အရ အစည်းအဝေးကို ကျင်းပခဲ့ရာ သဘာပတိအဖြစ် အင်ဒိုနီးရှားဘဏ္ဍာရေး၀န်ကြီး Ms. Indra wati Mulyani က ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးတွင် ရာသီဥတုပြောင်းလဲမှုကိစ္စရပ်နှင့် ပတ်သက်၍ ဘဏ္ဍာရေး၀န်ကြီးများ၏ အခန်းကဏ္ဍကို ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးအား ပညာရပ်ဆိုင်ရာ အစည်းအဝေး သုံးချိန်နှင့် ရေ့အစည်းအဝေးများမှ ရလဒ်များအား ပြန်လည်ခြုံငုံ သုံးသပ်သည့် အစည်းအဝေးတစ်ချိန် စုစုပေါင်း လေးချိန်ကျင်းပခဲ့သည်။

၀န်ကြီးနှင့်အတူ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ညွှန်ကြားရေးမှူး ဒေါ်ခင်မာစိန်နှင့် ဘဏ္ဍာရေးနှင့် အခွန်၀န်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းထွဋ်တို့လည်း ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉–၁၂–၂၀၀၇ (ဗုဒ္ဓဟူးနေ့)
AM & PM

၆:၀၀–၁၀:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၆:၀၅–၁၀:၅၅ **အလှပပေးတရားတော်များ** (ဒုတိယပိုင်း) (ဆရာတော် အရှင်ပညာနန္ဒ)
၆:၅၀–၇:၁၀ ကေးဂီတအစီအစဉ် စိတ်၏စွမ်းအား
၇:၁၀–၇:၂၅ Aikido အားကစား သိချင်းကောင်းကောင်း သိချင်းတောင်း
၇:၂၅–၇:၅၀ သာမဏေကျော်စာတော်ပြန်ပွဲ
၇:၅၀–၈:၅၅ ကေးဂီတအစီအစဉ်
၉:၀၀–၉:၁၀ Midweek Sports News
၉:၁၀–၉:၁၅ ပြည်တွင်းသတင်းအကျဉ်း
၉:၂၀–၉:၂၀ လူကထိန်ပွဲနှင့် မင်္ဂလာဆောင်
၉:၄၅–၁၀:၅၅ ကေးဂီတအစီအစဉ်
၉:၅၅–၁၀:၅၅ ရတနာပုံတယိလီပွဲဖွင့်ပွဲ အခမ်းအနားနှင့် ဆဋ္ဌမ အကြိမ် မြန်မာအိုင်စီတီပွဲ
၁၀:၂၀–၁၀:၂၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၂၅–၁၂:၂၅ နှင်းဆီဖြူ (စေယျ၊ ချောရတနာ၊ ဝသုန်၊ သီဟ၊ နဒီဝင်ဒိုင်)
(၁၃ရိုက်တာ–ပိုင်း)
၁၁:၀၀–၁၁:၀၀ မိုးလေဝသနှင့်မှန်းချက်
၁၁:၀၅–၁၁:၁၅ လတန်ဆောင်ရဲ့ ကုသိုလ်ပွဲ (ပြည်လုံးချမ်းသာ မဟာဝါဋ္ဌကစောတီတော်)
၁၁:၂၀–၁၁:၂၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၃၀–၁၁:၃၀ အဆင့်မီရော်ဘာဖူးဆက် ပျိုးပင်ရရှိရေး
၁၁:၄၅–၁၁:၅၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၅–၁၂:၅၀ စားချင်စဖွယ် နည်းအသွယ်သွယ် (ပုခုန်တုပ် ကြော်ပြုလုပ်နည်းနှင့် ကြက်ဥထမင်းကြော် ပြုလုပ်နည်း)
၁၂:၀၅–၁၃:၀၅ ကေးဂီတအစီအစဉ်
၁၂:၁၀–၁၃:၁၀ တိုးပွားဆောင်ရွက်နိုင်ငံလက် ဖေးကူမှုမြို့တို့အတူ (နွားမွေးမြူရေး)
၁၂:၂၅–၁၃:၂၅ ကေးဂီတအစီအစဉ်
၁၂:၃၀–၁၃:၃၀ International Video Topics [ထူးဆန်းထွေလာ ကမ္ဘာကြီးမှာ (အပိုင်း–၁)]
၁၃:၀၀–၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီးရွိအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တိုးတက်ပြောင်းလဲနေသည့် နည်းပညာသစ်များနှင့် အတွေးအမြင် အယူအဆသစ်များကို မိမိနိုင်ငံ မိမိဒေသနှင့် ဆီလျော်ကိုက်ညီသော အစီအမံများဖြင့် ဆက်စပ်ကျင့်သုံး

ကျောင်းသူ ကျောင်းသားများနှင့် ပြည်သူတစ်ရပ်လုံး အသိပညာမြင့်မားရေးနှင့် အတွေးအမြင်ဗဟုသုတပြည့်စုံစေရေး အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ကြိုးပမ်း

နေပြည်တော် ဒီဇင်ဘာ ၁၈

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်ခဲ့သည့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ်(၂၉)ဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက် နံနက်၈နာရီခွဲက မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားကာ ထူးချွန်ဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ဗဟိုဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၉)ဆင်းပွဲတွင် သင်တန်းသား စံပြဆုရ မကွေးတိုင်း စေတုတ္တရာမြို့နယ် ငတော်စုတ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ် ဦးဝင်းဘိုအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်း၊ ဒုတိယပါမောက္ခချုပ်များနှင့်ဌာနမှူးများ၊ ကထိကများ၊ လက်ထောက် ကထိကများ၊နည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက သင်တန်းဆင်း အမှာစကားပြောကြားရာ၌ အခြေခံပညာ ဆရာဆရာမများ အတွက် အထူးပြုစီမံဖွင့်လှစ်ပေးခဲ့သော သင်တန်းတစ်ရပ် ပြီးဆုံးအောင်မြင်ခဲ့ပြီးဖစ်သည့်အတွက် ဆရာ ဆရာမများ အနေဖြင့် မိမိတို့၏ လုပ်ငန်းခွင် အသီးသီးကို ပြန်လည်ဝင်ရောက်ကြရတော့မည်ဖြစ်ကြောင်း။

ယင်းသို့ လုပ်ငန်းခွင်ကိုပြန်လည်ရောက်ရှိကြသည့်အခါတွင် သင်တန်းက ရရှိခဲ့သော အသိအမြင်သစ်၊ အတွေ့အကြုံသစ်များနှင့် အလေ့အကျင့်ကောင်း၊ စိတ်ဓာတ်ကောင်းများ၏ စွမ်းအားကြောင့် ပညာရေးကဏ္ဍ၏ လုပ်ငန်းတာဝန်များကို ယခင်ကထက်ပိုမိုပြီးထိရောက်ထက်မြက်တက်ကြွစွာ ဆောင်ရွက်နိုင်ကြလိမ့်မည်ဟု ယုံကြည်ထားပါကြောင်းကို ပထမဦးစွာ ပြောကြားလိုကြောင်း။

ထိရောက်ထက်မြက်

ဆရာ ဆရာမတို့သည် မျိုးဆက်သစ် လူငယ်များကို နိုင်ငံ၏ အနာဂတ်ကာလ လိုလားချက်များနှင့်အညီ လိုအပ်သော အရည်အသွေး၊ စိတ်ဓာတ်တို့ဖြင့် ပြည့်ဝခိုင်မာစေရအောင် ကြိုတင်ပြုစုပျိုးထောင် ပုံဖော်လေ့ကျင့်ပေးနေကြခြင်းဖြစ်သည့်အတွက် ရေရှည် အမျိုးသားရေးအကျိုးစီးပွားကို မျှော်မှန်းရှုမြင်နိုင်သည်နှင့်အမျှ မိမိတို့၏ လုပ်ငန်းစွမ်းဆောင်ရည်သည်လည်း ပိုမိုမှန်ကန်ထိရောက်ထက်မြက်လာမည်မှာ အမှန်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့၏ လုပ်ငန်းတာဝန်များသည် နိုင်ငံနှင့်လူမျိုး၏ အနာဂတ်နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည့်အတွက် အလွန်ထူးခြားလေးနက်ပြီး၊ တန်ဖိုးရှိပြီး မြင့်မြတ်သည့် တာဝန်ဝတ္တရားများဖြစ်သည်ဆိုသည့် ခံယူချက်ဖြင့် မဆုတ်မနစ် တက်တက်ကြွကြွ ကြိုးပမ်းဆောင်ရွက်သွားကြပါဟုတစ်ဆက်တည်းမှာကြားလိုကြောင်း။

နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသည့်နည်းပညာသစ်များ၊ အတွေးအမြင် အယူအဆသစ်များကို မိမိနိုင်ငံ၊ မိမိဒေသနှင့် ဆီလျော်ကိုက်ညီသော အစီအမံများဖြင့် ဆက်စပ်ကျင့်သုံးနိုင်သည်နှင့်အမျှ နိုင်ငံတကာ ပြောင်းလဲဖြစ်ပေါ်မှုအလျဉ်တွင် လိုက်လျောညီထွေလိုက်ပါရင်း မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေး အကျိုးစီးပွားကို နည်းပညာသစ်၊ အတွေးအမြင်သစ်များ၏ စွမ်းအားဖြင့် ထိန်းသိမ်းမြှင့်တင်နိုင်မည်ဖြစ်ကြောင်း။

လေးစားမြတ်နိုး

ယင်းသို့ ဆောင်ရွက်နိုင်ရန် ဆိုရာတွင် မျိုးဆက်သစ်လူငယ်များကို နည်းပညာသစ်၊ အတွေးအမြင်သစ်များဖြင့် ယှဉ်တွဲပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ လူမှုရေးတန်ဖိုးထားမှုများကို လေးစားမြတ်နိုးစေရအောင် ပြုစုပျိုးထောင်ပေးရန်လိုကြောင်း၊တစ်နည်းပြောရလျှင်စိတ်ဓာတ်ရေးရာ ဓာတ်ခံကောင်းမှသာ နိုင်ငံနှင့် လူမျိုးအကျိုးကို သိမြင်ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

တစ်ဆက်တည်းမှာပင် ကျောင်းသူကျောင်းသား လူငယ်များ၏ ဘဝရှေ့ရေးတိုးတက်အောင်မြင်ရေးအတွက် အကောင်းဆုံး အခြေအနေများကို ဖော်ဆောင်ပေးနိုင်မည့် ပညာရေးပတ်ဝန်းကျင်ကောင်းများ၊ အအောင်မြင်နိုင်ဆုံးလမ်းကြောင်းကို ရွေးချယ်လျှောက်လှမ်းနိုင်စေမည့် ပညာရေး အခွင့်အလမ်းကောင်းများကိုဖန်တီးပေးရင်း ဤပညာရေး ပတ်ဝန်းကျင်ကောင်းများ၊ အခွင့်အလမ်းကောင်းများကို မှန်မှန်ကန်ကန် ထိထိရောက်ရောက် ရွေးချယ်အသုံးပြုနိုင်မည့် အရည်အသွေးနှင့် ပြည့်စုံစေရအောင်လည်း ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း။

လေးစားလိုက်နာ

အထူးသဖြင့် ပညာရေးကဏ္ဍ၏ မျှော်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရေးအတွက်သာမက ကျောင်းသူကျောင်းသားတစ်ဦးချင်း၏ ကိုယ်စီကိုယ်စီသော ဘဝတိုးတက်အောင်မြင်မှုအတွက်ပါ မရှိမဖြစ် အရေးအပါဆုံးဖြစ်သည့် အေးချမ်းစွာပညာသင်ယူနိုင်မှုအခြေအနေကောင်းပတ်ဝန်းကျင်ကောင်းများအစဉ်ထာဝရ ပြည့်ပြည့်ဝဝဖြစ်ထွန်းနေစေရအောင် ဆရာ ဆရာမများအားလုံးက ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးကြရန် တာဝန်ရှိကြောင်း၊ ၎င်းသည် မြန်မာ့ရိုးရာ အစဉ်အလာအရ အစဉ်အဆက် လိုက်နာကျင့်သုံးလာခဲ့ကြသည့် ဆရာ့တာဝန်ဝတ္တရားများထဲက **"ဘေးရန်ဆီးကာ"** ဆိုသော ဆရာ့ကျင့်ဝတ်ကို လေးစားလိုက်နာ ကျင့်သုံးခြင်းလည်း ဖြစ်ပါသည်ဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

ယနေ့အချိန်အခါ ကာလသည် ပညာရည် မြင့်မားပြီး အသိဉာဏ် ရင့်ကျက်သည့် နိုင်ငံသူ နိုင်ငံသားများ ကသာ မိမိနိုင်ငံ မိမိလူမျိုးတိုးတက်ဖွံ့ဖြိုးအောင် စွမ်းဆောင်နိုင်သည်သာမက နိုင်ငံတည်ငြိမ်အေးချမ်းအောင်လည်း ကာကွယ်စောင့်ရှောက်နိုင်ကြမည်ဖြစ်ကြောင်း။

ကြိုတင်ပြင်ဆင်

နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည့် နည်းပညာသစ်များကြောင့် အသိပညာပျံ့နှံ့မှု မြန်ဆန်ကျယ်ပြန့်လှသကဲ့သို့ နည်းပညာသာလွန်သော နိုင်ငံကြီးများအတွက် ဤနည်းပညာသစ်များကို သူ့နိုင်ငံ သူ့လူမျိုး အကျိုးစီးပွားအတွက် အသာစီးဖြင့် အသုံးပြုနိုင်သည့် အခွင့်အလမ်းများလည်း ပိုမိုဖြစ်ပေါ်စေလျက်ရှိကြောင်း၊ ယင်းသို့ အခြေအနေအချိန်အခါမျိုးတွင် မိမိနိုင်ငံသူ နိုင်ငံသားများ၏ အသိဉာဏ်ပညာမြင့်မြင့်မားမားရှိနေစေရအောင် ကြိုတင်ပြင်ဆင်ပေးထားနိုင်မှသာလျှင် ဘေးပယောဂ လွှမ်းမိုးခြယ်လှယ်မှုများကို အသိဉာဏ်ပညာ အခြေခံဖြင့် ဆင်ခြင်သုံးသပ် ရှောင်ရှားနိုင်ကြမည်ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်သူလူထု၏ အသိဉာဏ် အခြေခံ မြင့်မားခိုင်ခံ့မှုမရှိခဲ့လျှင် မိမိနိုင်ငံ၏ အချုပ်အခြာအာဏာခိုင်မြဲရန်၊ မိမိလူမျိုးရှင်သန်တည်တံ့ရန် ခက်ခဲမည်ဆိုသည့် အခြေအနေကို သိမြင်ပြီး ဆရာ ဆရာမများအားလုံးက ကျောင်းသူကျောင်းသား လူငယ်များနှင့်တကွ ပြည်သူတစ်ရပ်လုံးအသိဉာဏ်ပညာမြင့်မားစေရေးနှင့် အတွေးအမြင် ဗဟုသုတပြည့်စုံစေရေးအတွက် အမျိုးသားရေး အသိအမြင်ဖြင့် ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ဆုချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက သင်တန်းသား စံပြဆုရ ကျောင်းသား အမှတ် (F-၄၉) မကွေးတိုင်း စေတုတ္တရာမြို့နယ် ငတော်စုတ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းမှ မူလတန်းကျောင်းအုပ် ဦးဝင်းဘိုနှင့် သင်တန်းသူစံပြဆုရ ကျောင်းသူ အမှတ်(A- ၁၅၀) မကွေးတိုင်း ရေစကြို မြို့နယ် ကြက်ဆူကျင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ အလယ်တန်းပြဆရာမ ဒေါ်နွယ်နွယ်ဝင်းတို့အားလည်းကောင်း၊ သင်တန်းသား ဇွဲလုံ့လဆုရ ကျောင်းသားအမှတ် (F-၁၄၄) စစ်ကိုင်းတိုင်း တမူးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းမှ အလယ်တန်းပြဆရာ ဦးမောင်မောင်အေး၊ သင်တန်းသူ ဇွဲလုံ့လဆုရ ကျောင်းသူအမှတ် (B-၁၄၃) မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ်(၁၁) အခြေခံပညာ အလယ်တန်းကျောင်းမှ အလယ်တန်းပြ ဆရာမ ဒေါ်စန္ဒာမြင့်နှင့် ကျောင်းသူ အမှတ် (B-၁၇၆) မန္တလေးတိုင်း နေပြည်တော်ပျဉ်းမနား ရွာတော်ရပ်ကွက် အမှတ်(၆) အခြေခံပညာ မူလတန်းကျောင်းမှ အလယ်တန်းပြ ဆရာမ ဒေါ်သီတာဦးတို့အားလည်းကောင်း၊ စံပြအဆောင်ဆုရ သင်တန်းသား တပ်ခွဲအမှတ်(၁) အဆောင်(၅)ကို အဆောင်ခေါင်းဆောင် ကျောင်းသား အမှတ်(F-၁၃၄) ဦးမြင့်ကျော်နှင့် စံပြ အဆောင်ဆုရ သင်တန်းသူ တပ်ခွဲအမှတ်(၁) အဆောင်(၁)ကို အဆောင်ခေါင်းဆောင် ကျောင်းသူ အမှတ် (A-၅၅) ဒေါ်မြသီတာအောင် အားလည်းကောင်း ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်သည်။

လက်ခံရယူ

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ရာ သင်တန်းသား သင်တန်းသူများကိုယ်စား တပ်ခွဲအလိုက် သင်တန်းခေါင်းဆောင်များက လက်ခံရယူသည်။

ထို့နောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းနှင့်အဖွဲ့ဝင်များက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သင်တန်းကာလ

အဆိုပါ အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ် (၂၉)သို့ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့မှ သင်တန်းသား ၂၁၁ ဦး၊ သင်တန်းသူ ၁၀၈၂ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တင်းပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ယနေ့အချိန်အခါ ကာလသည် ပညာရည်မြင့်မားပြီး အသိဉာဏ် ရင့်ကျက်သည့် နိုင်ငံသူ နိုင်ငံသားများ ကသာ မိမိနိုင်ငံ မိမိလူမျိုးတိုးတက်ဖွံ့ဖြိုးအောင် စွမ်းဆောင်နိုင်သည်သာမက နိုင်ငံတည်ငြိမ်အေးချမ်းအောင်လည်း ကာကွယ်စောင့်ရှောက်နိုင်ကြမည်။

ပြည်ပန်းညို ချိုချင်ပါလျက် ဆားကမပျက်နိုင်ရအောင်(၂)

ကျော်မင်းလူ
(ရှေ့ပြည်သာ)

ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းက ဖြစ်ပွားခဲ့တဲ့ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များအတွင်းမှာ မတော်တဆသေဆုံးခဲ့တဲ့ ဂျပန်ဓာတ်ပုံသတင်းထောက် ကင်ဂျီနာဂါအိနဲ့ ပတ်သက်လို့ RFAက ထုတ်လွှင့်သွားတဲ့ သတင်းတစ်ပုဒ်ကို လတ်တလောကြားလိုက်မိပါတယ်။ ကင်ဂျီနာဂါအိနဲ့ ပတ်သက်ပြီး ပြည်ပအသံလွှင့်ဌာနတွေက အပ်ကြောင်းထပ်အောင် စုပ်စွဲပုတ်ခတ်မှုတွေ လုပ်ခဲ့ကြတယ်ဆိုတာ အားလုံးအသိပါ။ ဒီကိစ္စနဲ့ ပတ်သက်လို့ အဖြစ်မှန်၊ အခြေအနေမှန်တွေကို အခြေခံပြီး နှစ်ဦးဦး ဆက်ဆံရေး မထိခိုက်ရလေအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ **''ပြည်ပန်းညို ချိုချင်ပါလျက် ဆားကမပျက်နိုင်ရအောင်''** ဆိုတဲ့ ဆောင်းပါးတစ်ပုဒ် ကျွန်တော်ရေးဖြစ်ခဲ့ပါတယ်။ အားလုံးလည်း ဖတ်ဖြစ်ကြမယ် ထင်ပါတယ်။ အခုလည်း RFAက နာဂါအိကိစ္စကို ထပ်မံထုတ်လွှင့်လာပြန်တော့ ကျွန်တော်လည်း လိုအပ်လာပြီထင်လို့ ထပ်ပြီးရေးလိုက်ပါတယ်။ ပြည်ပန်းညို ဆောင်းပါးရဲ့ အဆက်လို့ မှတ်ယူစေချင်ပါတယ်။

RFAက ထုတ်လွှင့်ခဲ့တဲ့ သတင်းက ဒီလိုပါ။ ကင်ဂျီနာဂါအိဟာ မြန်မာနိုင်ငံအပေါ် စိတ်ဝင်စားမှုမရှိခဲ့ပေမယ့် သူနဲ့ စာချုပ်ထားတဲ့ APF သတင်းဌာနက အတင်းအဓမ္မ သွားရောက်သတင်းယူခိုင်းခဲ့လို့ သေဆုံးခဲ့ရခြင်း ဖြစ်ပါတယ်လို့ နိုဝင်ဘာ ၂၂ရက်နေ့ထုတ် SHUKAN BUNSHU မဂ္ဂဇင်းက ဖွင့်ချခဲ့ပါတယ်။ ဆောင်းပါးရဲ့ ခေါင်းစဉ်က **''သတင်းထောက် ကင်ဂျီနာဂါအိ သေဆုံးခြင်းကို စီးပွားရေးလုပ်စားနေသည့် APFသတင်းဌာန၏ တာဝန်ခံလူကြီး TORU YAMAJI''** ဆိုပြီး ဖြစ်ပါတယ်။ အဲဒီဆောင်းပါးဟာ ထိုင်းနိုင်ငံမှာ နေထိုင်ပြီး နာဂါအိနဲ့ ရင်းနှီးသိကျွမ်းသူ (ဆောင်းပါးမှာတော့ နာဂါအိရဲ့ မွေးစားအမေလို့ ဆိုပါတယ်။) ဂျပန်အမျိုးသမီးကြီးရဲ့ ပြောဆိုချက်တွေကို အခြေပြုရေးသားထားတာပါလို့ ဆိုပါတယ်။ အခု RFAက လွှင့်တဲ့သတင်းကတော့ အဲဒီဆောင်းပါးဟာ သေဆုံးသူ နာဂါအိကို အသရေဖျက်ရာရောက်ပြီး သူ့မိသားစုကိုလည်း စိတ်အနှောင့်အယှက် ဖြစ်စေတဲ့အတွက် နစ်နာကြေး ဂျပန်ယန်းငွေ ငါးသန်းကျော် ရယူလိုပါကြောင်း ဓဂုဇင်းထုတ်ဝေသူနဲ့ ဆောင်းပါးရေးသူတွေကို တရားစွဲတဲ့ သတင်းပါ။ ကွယ်လွန်သူကလည်း ကွယ်လွန်သွားခဲ့ပါပြီ။ ဒါပေမယ့် ကျန်ခဲ့တဲ့သူတွေကတော့ မစွတ်နာဂါအိအပေါ် အကြောင်းပြုပြီး ဘာတွေဆက်ဖြစ်နေကြတယ်ဆိုတာ ဒီသတင်းနှားထောင်မိတာနဲ့ ပြေးကြည့်စရာမလိုဘဲ တွေးကြည့်ရုံနဲ့တင် အဖြေထွက်နိုင်ပါတယ်။

ပြီးခဲ့တာတွေလည်း ပြီးခဲ့ပါပြီ။ လွန်ခဲ့တာတွေလည်း လွန်ခဲ့ပါပြီ။ ကျွန်တော်တို့အနေနဲ့လည်း ဒီသေဆုံးမှုဟာ သွေးရိုးသားရိုး မတော်တဆ ဖြစ်ရပ်၊ တိုက်တိုက်ဆိုင်ဆိုင် ကံဆိုးပြီးဖြစ်သွားရတဲ့ ဖြစ်ရပ်သာ ဖြစ်တယ်ဆိုတာ အကြိမ်ကြိမ် ရှင်းခဲ့၊ ပြောခဲ့ ပြီးပါပြီ။ ဒါပေမယ့် ကျွန်တော်တို့ ဘယ်လိုပင် ရှင်းပြ၊ ပြောပြနေပေမယ့် **''ကျားကျား မီးယပ်''** ဆိုပါတဲ့ ပုဂ္ဂိုလ်တွေ၊ အသံလွှင့်ဌာနတွေ ရှိနေပါသေးတယ်။

ကျွန်တော် အထက်မှာပြောခဲ့တဲ့ SHUKAN BUNSHU မဂ္ဂဇင်း ဆောင်းပါးမှာ နာဂါအိဟာ နောက်ဆုံးအချိန်အထိ မြန်မာနိုင်ငံကို မသွားချင်ခဲ့ကြောင်း၊ ဒါပေမယ့် သတင်းဌာနအကြီးအကဲ TORU YAMAJIက အမိန့်ပေးတဲ့အတွက် သွားခဲ့ရခြင်းဖြစ်ကြောင်း၊ နာဂါအိဟာ မြန်မာနိုင်ငံအကြောင်း လုံးဝမသိသလို ဒီမိုကရေစီ လှုပ်ရှားမှုကိုလည်း စိတ်ဝင်စားသူ မဟုတ်ကြောင်း၊ ယခုသတင်းရယူရာတွင် ကင်မရာကို ပေါ်ပေါ်ထင်ထင်ကိုင်ကာ လုံခြုံရေးတပ်သားများကို မျက်နှာချင်းဆိုင်မှ ဓာတ်ပုံရိုက်ခြင်းသည် အလွန်အန္တရာယ်များပြီး မလုပ်သင့်သော သတင်းရယူမှု နည်းလမ်းပင်ဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ဤအပြင် မြန်မာနိုင်ငံကို မသွားချင်ဘဲ သွားခဲ့ရတဲ့ နာဂါအိကို သေဆုံးတဲ့အချိန်မှာ ဒီမိုကရေစီ သူရဲကောင်းလို့ အတင်းရုပ်လုံးဖော် ပွဲထုတ်လာခဲ့သလို ကင်ဂျီနာဂါအိရဲ့ဆန္ဒကို ဆက်လက်အကောင်အထည်ဖော်ရမယ်လို့ အသံကောင်းဟစ်ပြီး နာဂါအိနဲ့ ပတ်သက်တဲ့ သတင်းမျိုးစုံနဲ့ လုပ်စားနေတဲ့ သတင်းဌာန အကြီးအကဲအကြောင်းကိုလည်း အသေးစိတ် ဖော်ထုတ်ရေးသားထားပါသေးတယ်။ နာဂါအိအမှတ်တရ အထူးအစီအစဉ်တွေကလည်း တစ်နေ့တစ်မျိုး မရိုးရအောင်ဖန်တီးပြီး တော်တော်လေး အကျိုးစီးပွားဖြစ်ထွန်းခဲ့တဲ့ ပုံပါပဲ။

ကင်ဂျီနာဂါအိနဲ့ ပတ်သက်လို့ အဆိုးရွားဆုံး စုပ်စွဲချက်ကတော့ လုံခြုံရေးတပ်ဖွဲ့တွေက အနီးကပ် ပစ်သတ်ခဲ့တယ်ဆိုတဲ့ အချက်ပါပဲ။ ဒါနဲ့ပတ်သက်လို့ ပြန်ရှုံးပြရရင် နာဂါအိသေဆုံးမှုကို ကျောက်တံတားရဲစခန်းကနေ သေမှုသေခင်း အမှတ်စဉ်(၆/၂၀၀၇)နဲ့ အမှုဖွင့်ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးက PR 013 နဲ့ လက်ခံဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်။ အဲဒီမှာ မွေးဆရာဝန်ကြီးရဲ့ ရင်ခွဲစစ်ဆေးချက် မှတ်တမ်းအရိုင်အမာရှိခဲ့ပါတယ်။ အဲဒီမှတ်တမ်းအရ သေနတ်ဒဏ်ရာဟာ ခန္ဓာကိုယ်ရဲ့ နောက်ကျောဘက် ဝဲဘက်ပခုံးအောက်မှဝင်ပြီး ရှေ့ယာဘက် ရင်အုံအောက်သို့ အနည်းငယ်ခန့်စောင်းကာ ထွက်သွားကြောင်း စစ်ဆေးတွေ့ရှိရတယ်လို့ ဆိုပါတယ်။ သေနတ်ဒဏ်ရာဟာ ဝင်ပေါက်ကျဉ်းပြီး ထွက် ပေါက်ကျယ်တဲ့ အနေအထားဖြစ်ပြီး မီးလောင်ရာ (Burning)၊ ယမ်းမှုန့်၊ ခွဲကပ်ရာ (Gunpowder Fouling)နဲ့ ကွင်းသဏ္ဌာန်အရာ (Tattooing) များ ဘာမျှမတွေ့ရှိရပါဘူး။ ဒါကြောင့် အဝေးမှ (အနည်းဆုံး ကိုက်၃၀ခန့်အကွာမှ) ပစ်ခတ်ခံရခြင်းဖြစ်ပြီး အနီးကပ် ပစ်ခတ်ခံရခြင်း မဟုတ်ကြောင်း ပေါ်လွင်ထင်ရှားစွာ ဖော်ထုတ်တွေ့ရှိနိုင်ပါတယ်။ ဒါဟာ မှုခင်းဆရာဝန်ကြီးရဲ့ ရင်ခွဲစစ်ဆေးချက်မှတ်တမ်းကို အခြေခံပြီး ပြောတာပါ။ တကယ်လို့သာ အနီးကပ်ပစ်ခတ်ခံရမယ်ဆိုရင် ဒီလိုစစ်ဆေးတွေ့ရှိရမှာ မဟုတ်ဘူးဆိုတာ နားလည်သူတွေ၊ အတွေ့အခြေ ရှိဖူးသူတွေအားလုံး သိကြမှာပါ။ ဒါဆို ဘယ်ဟာအမှန်၊ ဘယ်ဟာအမှား ဆိုတာ ခွဲခြားနားလည် နိုင်ပါလိမ့်မယ်။

နာဂါအိဟာ Tourist Visa နဲ့ ဝင်လာပြီးမှ သတင်းထောက်အလုပ်ကို လုပ်ခဲ့တယ်ဆိုတာ ပြီးခဲ့တဲ့ဆောင်းပါးမှာ ကျွန်တော်ပြောခဲ့ပြီးပါပြီ။ တရားဝင် သတင်းထောက်ဗီဇာမယူဘဲ ဖုံးကွယ်ဝင်ရောက်လာပြီး သတင်းထောက်အလုပ်ကို တရားမဝင် လုပ်ကိုင်ခဲ့တဲ့အတွက် အခုလို ဖြစ်ခဲ့ရခြင်းသာ ဖြစ်ပါတယ်။ ဂျာနယ်လစ်အနေနဲ့ တရားဝင်လာရင် ထိုက်သင့်တဲ့ လုံခြုံရေးဆောင်ရွက်ပေးမှာ ဖြစ်ပေမယ့် ဝင်လာတာကိုက မရိုးသားမှုအခြေခံခဲ့တာကို ဘယ်လိုမှ မငြင်းနိုင်ပါဘူး။

နောက်တစ်ချက်က ပုဒ်မ၁၄၄ ထုတ်ပြန်ထားဆဲအချိန်မှာ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားပြီး မသွားအပ်တဲ့နေရာကို သွားရောက်ခဲ့တာကလည်း "ဘယ်သူမပြု မိမိမှု"လို့သာ ဆိုရတော့မှာပါ။ ဂျပန်နိုင်ငံက ထုတ်လွှင့်တဲ့ အခွေမှာ "အန္တရာယ်ရှိတယ်" Dangerous Dangerous, Shooting Shooting လို့ ပြောတဲ့အသံတွေ ဂျပန်ပြောတဲ့ အင်္ဂလိပ် စကားပြောသံနဲ့(Never mind)ဆိုတာတွေ သေသေချာချာ နားထောင်ရင် ကြားမိကြပါလိမ့်မယ်။ အန္တရာယ်ရှိမှန်းသိသိနဲ့ ဇွတ်သွားခဲ့၊ ဇွတ်လုပ်ခဲ့တာကို ကျွန်တော် ဘယ်လိုမှ နားမလည်နိုင်တော့ပါဘူး။

ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ဘက်ကတော့ Aid to Civil Power အတိုင်း ဥပဒေနဲ့အညီသာ ဆောင်ရွက်ခဲ့ကြပါတယ်။ ၂၆-၉-၂၀၀၇ ရက်နေ့ ၁၃:၀၀ နာရီမှာ Aid to Civil Power ကို အပ်နှင်းထားပြီးဖြစ်လို့ လိုအပ်ပါက ပစ်ခတ် လူစုခွဲပိုင်ခွင့် ရှိနေပြီဖြစ်ပါတယ်။

ဒါပေမယ့် ဂျပန်နိုင်ငံကထုတ်လွှင့်တဲ့ ဗီဒီယိုခွေမှာ လဲနေသူတစ်ဦးရဲ့ နားမှာ ရဲအရာရှိတစ်ဦး ပစ္စည်းသိမ်းတာ ပါနေပြီး အဲဒါကို ကင်မရာအဖြစ် ချဲ့ကားဝါဒဖြန့်နေတာ အားလုံးအသိပါ။ ဒါကလည်း Video Trap တစ်ခုသာဖြစ်ပြီး အဖြစ်မှန်နဲ့ နှိုင်းယှဉ်စီစစ်ကြည့်ရင် လွဲမှားချက် လေးချက် တွေ့ရှိရတယ်ဆိုတာ သက်ဆိုင်ရာက ဂျပန်သံအမတ်ကြီးကို အသေးစိတ် ရှင်းပြခဲ့ပြီး ဖြစ်တယ်လို့ သိရပါတယ်။ ကျွန်တော် မှတ်သားမိသလောက် ဂျပန်သတင်းဌာနတွေက ပြနေတဲ့အထဲက လဲနေတဲ့လူမှာ ဘာမှမပါဘူး။ မစ္စတာနာဂါအိကတော့ အိတ်လွယ်ထားတယ်။ လဲနေတဲ့နေရာနဲ့ နောက်ခံအခင်းအကျင်းလည်း မတူပါဘူး။ လဲကျနေတဲ့နေရာမှာရှိနေတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ ပုံစံချင်းလည်း မတူပါဘူး။ ဦးထုပ်အနီဆောင်းတဲ့အဖွဲ့နဲ့ မဆောင်းထားတဲ့ အဖွဲ့ ကွာတယ်။ ဒီလိုသိရှိရပါတယ်။ အဲဒီကွဲလွဲချက်များအရ ဂျပန်သတင်းဌာနတွေက ထုတ်လွှင့်တဲ့အခွေဟာ ဗီဒီယို ထောင်ချောက် (Video Trap)သာ ဖြစ်တယ်ဆိုတာ ပေါ်လွင်နေပါပြီ။ ဘယ်ရဲအရာရှိကမှ နာဂါအိရဲ့ ကင်မရာကို ကောက်ခဲ့၊ မသိမ်းခဲ့ပါဘူး။ ကင်မရာလည်း ပါမလာခဲ့ပါဘူး။ မရှိတဲ့ပစ္စည်းကို ပြန်ပေးပါဆိုတာ တော်တော်တော့ ပြောရခက်တဲ့ ကိစ္စပါပဲ။

မစ္စတာနာဂါအိရဲ့ ကိစ္စကို ဥပဒေကြောင်းအရ ကြည့်မယ်ဆိုရင်လည်း သတင်းထောက်ဖြစ်ပါလျက် Tourist Visa နဲ့ ဝင်လာတဲ့အချက်၊ Tourist Visa နဲ့ ဝင်လာပြီး တိုးရစ်လို မနေထိုင်ခဲ့တဲ့အချက်၊ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားပြီး အန္တရာယ်ရှိတဲ့နေရာကို လာတဲ့အချက်၊ အန္တရာယ်ရှိကြောင်း သေကာသတိပေးနေပါလျက် ဂျပန်လူမျိုး အင်္ဂလိပ်စကားပြောတဲ့လေသံနဲ့ Never mind ဆိုပြီး ပြန်ပြောခဲ့တဲ့အချက်၊ Custom ဥပဒေအရ Declaration Form မှာ ဗီဒီယိုကင်မရာ မပါလာတဲ့အချက် စတဲ့ အချက်ငါးချက်ကိုကြည့်ရင် ဘယ်သူ့မှာ တာဝန်ရှိတယ်ဆိုတာ မြင်သာပါတယ်။ သေဆုံးမှုအပေါ် တရားဝင် ရင်ခွဲစစ်ဆေးချက် ပြုလုပ်ခဲ့ပြီး နိုင်ငံတကာလုပ်ထုံးလုပ်နည်းများအရ နိုမ်နင်းရာမှာ အဲဒီရှေ့ဆုံးက လူတွေ ထဲမှာ ရောက်နေတဲ့ မစ္စတာနာဂါအိကို ထိမှန်ခဲ့ခြင်းသာ ဖြစ်ပါတယ်။ ဒီလောက်ရှုပ်ထွေးနေတဲ့ အခြေအနေမျိုးမှာ လူတစ်ဦးချင်းစီကို ခွဲခြားနေနိုင်မှာ မဟုတ်တာကိုတော့ နားလည်ပေးသင့်လှပါတယ်။ လုပ်ထုံးလုပ်နည်းနဲ့အညီ တာဝန်အရ ဆောင်ရွက်သူတွေဘက်ကလည်း စဉ်းစားပေးဖို့ လိုပါလိမ့်မယ်။

မစ္စတာနာဂါအိ လဲကျသွားပြီး နေနာက်ပိုင်းတွေ့ရှိတဲ့ ပစ္စည်းများကို တာဝန်သိပြည်သူများက အသေအချာ ထုပ်ပိုးသိမ်းဆည်းပြီး နာဂါအိကိုလည်း ဆေးရုံအရောက် ပို့ဆောင်ပေးခဲ့ပါတယ်။ ဆေးရုံမှာ ဂျူတီကျနေတဲ့ ရဲတပ်ဖွဲ့ဝင်များက လူနာလာပို့တဲ့ပြည်သူများထံမှ ပစ္စည်းများကို အဖွဲ့စုံသက်သေများရှေ့မှာ လက်ခံခဲ့ရတာဖြစ်ပါတယ်။ လက်ခံခဲ့ကြောင်းကိုလည်း ဂျပန်သံရုံးကို အကြောင်းကြားပေးခဲ့ပြီး ဌာနချုပ်မှတစ်ဆင့် သံရုံးသို့ ပစ္စည်း ၂၂ မျိုး လွှဲအပ်ပေးခဲ့တယ်လို့ သိရပါတယ်။ ဒီလိုပြောင်းလွှဲပေးပြီး နောက်ပိုင်းကျမှသာ ဆိုနီကင်မရာ ပျောက်နေကြောင်း သိခဲ့ရတာဖြစ်ပါတယ်။ ဒါပေမယ့် တစ်ခုပြောဖို့ရှိတာက လေဆိပ် Declaration Form မှာ ဆိုနီကင်မရာဆိုတာ လုံးဝမပါခဲ့ဘူး ဆိုတာပါပဲ။ ဝင်လာကတည်းက ပါမလာတာလား၊ ဒါမှမဟုတ် တရားမဝင် ခိုးသွင်းတာလားဆိုတာတော့ ကာယကံရှင်မှပဲ သိမှာပါ။

ဒါပေမယ့် ကျပန်းနိုင်ငံကထုတ်လွှင့်တဲ့ ဗီဒီယိုခွေမှာ ရဲအရာရှိတစ်ဦး ပစ္စည်းသိမ်းတာ ပါနေပြီး အဲဒါကို ကင်မရာအဖြစ် ချဲ့ကားဝါဒဖြန့်နေတာ အားလုံးအသိပါ။ ဒါကလည်း Video Trap တစ်ခုသာဖြစ်ပြီး အဖြစ်မှန်နဲ့ နှိုင်းယှဉ်စီစစ်ကြည့်ရင် လွဲမှားချက် လေးချက် တွေ့ရှိရတယ်ဆိုတာ သက်ဆိုင်ရာက ဂျပန်သံအမတ်ကြီးကို အသေးစိတ် ရှင်းပြခဲ့ပြီး ဖြစ်တယ်လို့ သိရပါတယ်။ ကျွန်တော် မှတ်သားမိသလောက် ဂျပန်သတင်းဌာနတွေက ပြနေတဲ့အထဲက လဲနေတဲ့လူမှာ ဘာမှမပါဘူး။ မစ္စတာနာဂါအိကတော့ အိတ်လွယ်ထားတယ်။ လဲနေတဲ့နေရာနဲ့ နောက်ခံအခင်းအကျင်းလည်း မတူပါဘူး။ လဲကျနေတဲ့နေရာမှာရှိနေတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ ပုံစံချင်းလည်း မတူပါဘူး။ ဦးထုပ်အနီဆောင်းတဲ့အဖွဲ့နဲ့ မဆောင်းထားတဲ့ အဖွဲ့ ကွာတယ်။ ဒီလိုသိရှိရပါတယ်။ အဲဒီကွဲလွဲချက်များအရ ဂျပန်သတင်းဌာနတွေက ထုတ်လွှင့်တဲ့အခွေဟာ ဗီဒီယို ထောင်ချောက် (Video Trap)သာ ဖြစ်တယ်ဆိုတာ ပေါ်လွင်နေပါပြီ။ ဘယ်ရဲအရာရှိကမှ နာဂါအိရဲ့ ကင်မရာကို ကောက်ခဲ့၊ မသိမ်းခဲ့ပါဘူး။ ကင်မရာလည်း ပါမလာခဲ့ပါဘူး။ မရှိတဲ့ပစ္စည်းကို ပြန်ပေးပါဆိုတာ တော်တော်တော့ ပြောရခက်တဲ့ ကိစ္စပါပဲ။

မစ္စတာနာဂါအိရဲ့ ကိစ္စကို ဥပဒေကြောင်းအရ ကြည့်မယ်ဆိုရင်လည်း သတင်းထောက်ဖြစ်ပါလျက် Tourist Visa နဲ့ ဝင်လာတဲ့အချက်၊ Tourist Visa နဲ့ ဝင်လာပြီး တိုးရစ်လို မနေထိုင်ခဲ့တဲ့အချက်၊ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားပြီး အန္တရာယ်ရှိတဲ့နေရာကို လာတဲ့အချက်၊ အန္တရာယ်ရှိကြောင်း သေကာသတိပေးနေပါလျက် ဂျပန်လူမျိုး အင်္ဂလိပ်စကားပြောတဲ့လေသံနဲ့ Never mind ဆိုပြီး ပြန်ပြောခဲ့တဲ့အချက်၊ Custom ဥပဒေအရ Declaration Form မှာ ဗီဒီယိုကင်မရာ မပါလာတဲ့အချက် စတဲ့ အချက်ငါးချက်ကိုကြည့်ရင် ဘယ်သူ့မှာ တာဝန်ရှိတယ်ဆိုတာ မြင်သာပါတယ်။

မူခင်းဆရာဝန်ရဲ့ အစီရင်ခံစာကို တရားဝင် တရားရုံးတင်ခဲ့တဲ့အတွက် "ဆူပူသောင်းကျန်းမှုကြားတွင် မတော်တဆ ထိခိုက်သေဆုံးသည်"ဆိုတဲ့ တရားသူကြီးဆုံးဖြတ်ချက်က သက်သေခိုင်လုံနေပါပြီ။ ဥပဒေမှာ သဲသယ အကျိုးဆိုတာ ရှိမြဲပါ။ ဒီဖြစ်စဉ်အပေါ် ထုတ်လွှင့်နေတဲ့ ထုတ်လွှင့်ချက်များမှာလည်း အခင်းဖြစ်ပွားတဲ့နေရာ မတူတာ၊ ရှိနေတဲ့ လုံခြုံရေးများ ယူနီဖောင်း မတူတာ၊ ရဲအရာရှိကောက်နေတဲ့ ပစ္စည်းဟာ ဗီဒီယိုကင်မရာ မဟုတ်ဘဲ ရေဘူးဖြစ်နေတာတွေကို သုံးသပ်ကြည့်ရင် Video Trap ဖြစ်တယ်လို့ပဲ လက်ခံကြရမှာဖြစ်ပါတယ်။

တကယ်တော့ ဂျပန်-မြန်မာချစ်ကြည်ရေးဟာ ရေရှည်မြဲမြံ ခိုင်မာပြီးသား ဖြစ်ပါတယ်။ အရေတိုင်းသား အာရှတိုက်သားများ အချင်းချင်း ဖြစ်တဲ့အပြင် ဗုဒ္ဓဘာသာကိုးကွယ်မှုချင်းလဲ တူညီကြပါတယ်။ ဂျပန်နဲ့ မြန်မာ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလာခဲ့တာ နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့ပြီ၊ ဒုတိယကမ္ဘာစစ်အတွင်းက မဟာမိတ်တွေအပေါ် ထိုးစစ်ဆင်ရာမှာ ဂျပန်တပ်များဟာ မြန်မာ့မြေပေါ်မှာ အဓိကအခြေခိုပြီး ထိုးစစ်ဆင်နွှဲခဲ့တာ ဖြစ်တဲ့အပြင် စစ်ဘေးစစ်ဒဏ်ကို အတူခံခဲ့ကြတဲ့ ရဲတော်ရဲဘက်တွေလည်း ဖြစ်ခဲ့ကြဖူးတာပါပဲ။ ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးအတွက် ဂျပန်ကို တော်လှန်ခဲ့ကြပေမယ့် ဘယ်သူနိုင်ငံပြီး **စာမျက်နှာ ၅ ကော်လံ ၁ သို့**

မြန်မာ့ယဉ်ကျေးမှု အထိန်းအမှတ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီး ညီလာခံ အထူးထုတ်တံဆိပ်ခေါင်းကို ဤသို့ တွေ့ရသည်။

(မြန်မာ့အလင်း)

*** ကျောထုံမှ**

ကြည်နူးဖွယ်ရာ ရောင်စုံသွေးဖြာ၊ ရင်ဝယ်အေးစရာ မြိုင်ဆိုင်လှပနေမှုများကို ပွဲတော်လာ ပြည်သူအများတဝကြီး ခံစားကြရသည်။

အိုင်တီနည်းပညာ

ထိုနေ့က ရတနာပုံမြို့သစ်ရှိ ရတနာပုံတယ်လီဖို့ အိုင်စီတီ ရက်သတ္တပတ်ပွဲတော်ကိုလည်း ဖွင့်လှစ်ရာ ပြည်သူအများ IT နည်းပညာများကို လေ့လာခွင့်ရကြသည်။

စိတ်တူကိုယ်တူ

ပြန်းပေါင်း ၁၁၅ခန်းရှိသည့် အနက် မြေညီထပ်ရှိ MWD ပြန်းမှ တဝဝန်ရှိသူ ဒေါ်ခင်အေးဝင်းက ရှင်းလင်းပြောပြရာတွင် "၁၉၉၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော MWD သည် နိုင်ငံတကာ စီးပွားရေး လုပ်ငန်းအဖွဲ့အစည်းများနှင့် လုပ်ငန်းအဆက်အသွယ် ရရှိခဲ့ပြီး စိတ်တူကိုယ်တူ လုပ်ဖော်ကိုင်ဖက်များဖြင့် တည်ထောင်ခဲ့ကြောင်း။

ရည်ရွယ်ချက်မှာ **မြန်မာနိုင်ငံတွင် IT နည်းပညာဖြင့် နယ်ပယ်အသီးသီးကို ဝန်ဆောင်မှုပေးနိုင်ရန်၊ စေတနဉ်အညီ ဆီလျော်ကိုက်ညီသော လုပ်ငန်းများ အောင်မြင်မှုရရှိရေးကို အဓိကဦးစားပေး ဆောင်ရွက်လျက်ရှိ** ကြောင်း သိရသည်။

နည်းပညာမှမ်းရည်မြင့်ပစ္စည်းများ တစ်ိုက်မတ်မတ် ထုတ်လုပ်သွားရန်နှင့် ကွန်ပျူတာနှင့်ပတ်သက်၍ အဓိက

ရှင်းလင်းခြောကြား

MWD မှ တဝ ဝန် ရှိ သူ ဒေါ်ခင်အေးဝင်းက ရှင်းလင်းခြောကြားသည်။

(မြန်မာ့အလင်း)

ASEAN Joint Stamp Issue

အာဆီယံ နှစ်၄၀ပြည့်အထိမ်းအမှတ် ထုတ်ဝေသော တံဆိပ်ခေါင်းများကို တွေ့ရစဉ်။

(မြန်မာ့အလင်း)

အခြေခံပိုင်းကို ကမ္ဘာ့အလိုက် အထူးကျွမ်းကျင်သော ပညာရှင်များအဖြစ် ရှေ့ဆုံးက ဦးဆောင်နိုင်ရန် ကူညီပေးလျက်ရှိသည်။

ခင်းကျင်းပြသ

ဆက်လက်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဧစက် လပ်ရေးရပြီးစကာလက ထုတ်ဝေခဲ့သော မြန်မာစာပို့တိုက် တံဆိပ်ခေါင်းများ၊ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ ထုတ်ဝေခဲ့သော မြန်မာစာပို့ တံဆိပ်ခေါင်းများနှင့် ၁၉၈၈ခုနှစ်မှ ယနေ့အထိ မြန်မာစာပို့တိုက် တံဆိပ်ခေါင်းများ ထုတ်ဝေခဲ့မှုကို အဆင့်ဆင့်ခွဲ၍ သပ်ရပ်လှပစွာ ခင်းကျင်းပြသထားမှုကို မြင်တွေ့ခဲ့ရသည်။

အဆက်ဆက် ထုတ်ဝေခဲ့သော မြန်မာစာပို့တိုက် တံဆိပ်ခေါင်းများကို ကဏ္ဍအလိုက် ခွဲ၍ လွတ်လပ်ရေးမတိုင်မီ ကာလက ထုတ်ဝေခဲ့သော မြန်မာစာပို့တိုက် တံဆိပ်ခေါင်းများ၊ လွတ်လပ်ရေးရပြီးနောက် ဒီမိုကရေစီစနစ်ခေတ် ဈေးကွက်စီးပွားရေးစနစ်ခေတ် စသည်ဖြင့် ခေတ်အဆက်ဆက် ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများကို ကဏ္ဍအလိုက် ခွဲခြားပြီး ပြသထားခြင်းဖြစ်သည်။ ASEAN Joint Stamp Issue ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများကိုလည်း အဆင့်မြင့်မြင့် မြင်တွေ့ခဲ့ရပါကြောင်း။ ။

(မြန်မာ့အလင်း)

ချင်းတောင်တန်းသာသနာပြုဆရာတော် အထူးတရားပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၈

ရန်ကုန်တိုင်း တာမွေမြို့နယ် ကျောက်မြောင်း စိတ္တသုခလမ်း အမှတ်၆၉ နေတရားပွဲအလှူရှင် ဒေါ်တင်မေ မိသားစုတို့က ချင်းတောင်တန်း သာသနာပြုဆရာတော် ဘဒ္ဒန္တ တေဇောသာရ (နိုင်ငံတော် ဗဟိုသံဃာဝန်ဆောင်)၏ သာသနာပြုလုပ်ငန်းများကို ထောက်ပံ့အားပေးလိုသောစေတနာဖြင့် မွေ့စရိယတန်းရောက် ချင်းတိုင်းရင်းသား ရဟန်းသာမဏေများ ပညာသင်ကြားနိုင်ရန် အတွက် ရန်ကုန်တိုင်း တာမွေမြို့နယ် ကျိုက္ကဆံလမ်း အမှတ် ၃၁၄ တာမွေဈေးအနီးတွင် ဆောက်လုပ် သာသနာပြုနေသော ချင်းပြည်နယ် ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေး ရတနာလက်ဝဲရသာသနာပြုကျောင်းတော်ကြီးပြီးစီး၍ အောင်မြင်ရန် အလှူငွေလှူဒါန်းပွဲနှင့် အထူးတရားပွဲကို ဒီဇင်ဘာ ၂၀ ရက် ည ၇ နာရီတွင် တာမွေမြို့နယ် ကျားကွက်သစ်ရပ် သာသနာဟိတမဂ္ဂေစုတိုင်၌ ကျင်းပမည်ဖြစ်သည်။

ဖိတ်ကြားနှိုးဆော်

ဗုဒ္ဓသာသနာတော်ကြီးထွန်းကားပြန့်ပွားရန် အမှန်လိုအပ်လျက်ရှိသော နယ်စပ်နှင့် တောင်တန်းဒေသတွင် ပရိယတ္တိစာသင်တိုက်ထူထောင်၍ ပရိတ်တာသာသနာပြုလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်တော်မူနေသည့် ချင်းပြည်နယ် ဟားခါးမြို့ မြို့မသာသနာပြုစာသင်တိုက်မှ ချင်းတောင်တန်းသာသနာပြု ဆရာတော် ဘဒ္ဒန္တ တေဇောသာရ (မဟာဂန္ထဝါစကာဃဏ္ဍိတ နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင်) ကိုယ်တိုင်ကြွရောက်၍ သာသနာပြု အထူးတရားဟောကြားမည်ဖြစ်ရာ လာရောက်တရားနာယူနိုင်ရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

စီးပွားရေးတက္ကသိုလ် ကျောင်းသူကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၈

၁၉၆၆–၁၉၇၀ပြည့်နှစ် စာသင်နှစ် စီးပွားရေးတက္ကသိုလ် ကျောင်းသားကျောင်းသူဟောင်းများ၏ ပဥမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ၃၀ရက် (တနင်္ဂနွေနေ့)တွင် Western Park Royal Restaurant(ကန်တော်ကြီး)၌ ကျင်းပမည်ဖြစ်သည်။

တက်ရောက်နိုင်

မည်သည့်စာသင်နှစ်ကမဆို ၁၉၇၀ ပြည့်နှစ်တွင် ဘွဲ့ရရှိသူများနှင့် ၁၉၆၆–၁၉၇၀ပြည့်နှစ် စာသင်နှစ်အတွင်း တွေ့ဆုံခဲ့ကြသည့် ကျောင်းနေဖက်သူငယ်ချင်းများအားလုံး တက်ရောက်နိုင်ကြပြီး အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲသို့ တက်ရောက် ပါဝင်လှူဒါန်းလိုသူများသည် ဦးစိန်ဝင်း၊ ဖုန်း-၀၉-၅၀၃၇၆၂၊ ၇၂၁၇၇၀၊ ဦးတင်ထွန်း၊ ဖုန်း-၀၉-၅၁-၁၃၁၉၅၊ ၂၉၄၉၁၈၊ ဒေါ်ညီမြင့် ဖုန်း-၀၉-၅၁-၁၃၁၉၅၊ ၂၉၄၉၁၈၊ ဒေါ်ညီမြင့် ဖုန်း-၀၉-၅၁-၁၃၁၉၅၊ ၂၉၄၉၁၈၊ ဒေါ်ဆွေတင်ဝင်း (မန္တလေး) ဖုန်း-၀၂-၃၆၉၀၀၊ ဦးခိုင်စိန် ဖုန်း-၀၉-၅၁-၃၀၀၁၂၊ ၂၀၃၂၅၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

စာမျက်နှာ ၄ ဆောင်းပါးမှအဆက်

ဘယ်သူရွှံ့တယ်ဆိုတာ ခုချိန်မှာ ပြောနေဖို့ မလိုတော့ပါဘူး။ ဒါပေမယ့် ဂျပန်-မြန်မာ ဆက်ဆံရေးကတော့ အစဉ်အလာကောင်းတွေနဲ့ ရေရှည် တည်တဲ့ ရှင်သန်နေတယ်ဆိုတာ နှစ်နိုင်ငံ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတွေ၊ နှစ်နိုင်ငံ ပြည်သူများအကြား အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုတွေက သက်သေထူနိုင်ခဲ့ကြပါပြီ။

ဒီလိုချစ်ကြည်ရင်းနှီးမှု အစဉ်အလာအားဖြင့် ကြီးမားခဲ့တဲ့ နှစ်နိုင်ငံ ပြည်သူများအကြားမှာ မှားတယ်၊မှန်တယ် ငြင်းခုံဖို့ ကျွန်တော် ဒီဆောင်းပါးကို ရေးနေတာ မဟုတ်ပါဘူး။ ဒါပေမယ့် ဘယ်ကိစ္စမဆို မျှမျှတတစွ။ မှန်မှန်ကန်ကန်ဖြစ်ဖို့တော့ လိုပါလိမ့်မယ်။ အခုတော့ ဖြစ်စဉ်အမှန်ကိုဖုံးပြီး နိုင်ငံရေးအသွေးအရောင်တွေ၊ သွေးထိုးမှုတွေ ပါနေတာက အင်မတန် ဝမ်းနည်းဖို့ကောင်းပါတယ်။ တကယ်တော့ ဖြစ်စဉ်ဟာ ရိုးရိုးလေးသာဖြစ်ပြီး ဆူပူဆန္ဒပြသူတွေထဲမှာ ပါဝင်နေသူတစ်ဦး မတော်တဆ သေဆုံးခဲ့ရတဲ့ သာမန်ဖြစ်စဉ်မျှသာ ဖြစ်ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ကို မတော်တဆဖြစ်ခဲ့တဲ့ ဖြစ်ရပ်ပါ။ ဂျပန်နိုင်ငံသားတစ်ဦး သေဆုံးခဲ့ရသလို မြန်မာနိုင်ငံသား ဆယ်ဦးလောက်လည်း သေဆုံးခဲ့ရပါတယ်။ အများထဲမှာ ရောပါသွားတဲ့ ဖြစ်ရပ်သာဖြစ်ပြီး တမင်ရွေးပစ်တာမဟုတ်သလို လုပ်ထုံးလုပ်နည်းကိုကျော်လွန်ပြီး တရားမဲ့နှိပ်ကွပ်ခဲ့တာမျိုးလည်း လုံးဝမဟုတ်ရပါဘူး။ Aid to Civil Power လုပ်ထုံးလုပ်နည်းများနဲ့အညီ Step by Step ဆောင်ရွက်ရင်း ဖြစ်ခဲ့ခဲ့ကြတာပါ။ ဒါကို ဒီနေ့အထိ သဲကြီးမဲကြီး တစ်ဖက်သတ်ထုတ်လွှင့်နေတဲ့ မီဒီယာတွေ နားလည်စေချင်ပါတယ်။

ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ ချစ်စရာကိုရည်စေ၊ မုန်းစရာကို တိုစေဆိုတဲ့ သဘောရှိကြပါတယ်။ အထူးသဖြင့် မုန်းစရာကို လုံးဝမရည်စေလိုပါဘူး။ ဘာသာတရား အဆုံးအမနဲ့အညီ အရာရာကို သည်းခံတတ်၊ ခွင့်လွှတ်တတ်ကြပြီး မုန်းစရာ၊ နာစရာဆို လွယ်လွယ်နဲ့ မေ့မျောက်တတ်ကြတဲ့ လူမျိုးများသာဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းက စစ်ဘေးစစ်ဒဏ်ကို အကြီးအကျယ်ခံခဲ့ရပေမယ့် အခုအချိန်မှာ ဖက်ဆစ် ဂျပန်မှန်းတီးရေးတို့၊ ဂျပန်ဆန့်ကျင်ရေးတို့ ဆိုတာတွေ ကျွန်တော်တို့ဆီမှာ လုံးဝမရှိတော့ပါဘူး။ ကျွန်တော်တို့ကသာ ရေရှည်ကိုကြည့်ပြီး မေ့မျောက်သင့်တာကို မေ့မျောက်နိုင်ခဲ့ပေမယ့် ကျွန်တော်တို့လိုပဲ အတူတူခံစားခဲ့ကြရတဲ့ အခြားနိုင်ငံတွေကတော့ အခုအထိ ဖက်ဆစ်ဂျပန် ဆန့်ကျင်ရေး စိတ်ဓာတ်တွေ၊ တုံ့ပြန်တဲ့လုပ်ရပ်တွေ ရှိနေကြဆဲပါ။ လုံးလုံးမမေ့နိုင် သေးတာ အားလုံးအသိပဲ ဖြစ်ပါလိမ့်မယ်။

ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူဘက်က ဒီလိုသဘောထားကြီးခဲ့ပေမယ့် ဒီနေ့ ဂျပန်မီဒီယာတွေကတော့ မစ္ဆာကင်ဂျီနာဂါအို သေဆုံးမှုကိုပဲ တစ်ဆိတ်ကို တစ်အိတ်လုပ်ပြီး လုပ်စားနေကြတာတွေ တွေ့နေ၊ မြင်နေ၊ ကြားနေရဆဲ ဖြစ်ပါတယ်။ SHUKAN BUNSHU မဂ္ဂဇင်းမှာ ရေးထားသလို နာဂါအိကိုမှီပြီး စီးပွားဖြစ်လုပ်စားနေတဲ့ APF သတင်းဌာန အကြီးအကဲ TORU YAMAJI လို အကြိုက်အဖန်သမားတွေ ဘယ်လောက်တောင် ရှိနေမလဲ မပြောတတ်တော့ဘူး။ ဂျပန်သတင်းဌာနအချို့အနေနဲ့ မစ္ဆာနာဂါအို မြန်မာနိုင်ငံကိုရောက်လာတဲ့ သတင်းတွေ၊ သူနဲ့ပတ်သက်ပြီး လူပုဂ္ဂိုလ်အချို့ရဲ့ပြောကြားချက်တွေ၊ ဂျပန်နိုင်ငံခြားရေး ဝန်ကြီးဌာနရဲ့ ရှင်းလင်းချက်သတင်းတွေ၊ တိုက်ရိုက မြန်မာသံရုံးရှေ့မှာ ဆန္ဒပြမှုသတင်းတွေ၊ မြန်မာနိုင်ငံမှာ ဖြစ်ပွားပေါ်ပေါက်ခဲ့တဲ့ ဆူပူဆန္ဒပြမှုသတင်းတွေ၊ ဂျပန်ရောက် မြန်မာအချို့ရဲ့ ပြောကြားချက်တွေ စသည်စသည်ဖြင့် အကြိမ်ကြိမ် ထပ်ကာထပ်ကာ ထုတ်လွှင့်နေခဲ့ပါတယ်။ ကျွန်တော် အထက်မှာတင်ပြခဲ့တဲ့ Video Trap ပြက္ခဒိန်တွေပါ အပါအဝင်ပေါ့။

ဒါဟာ မီဒီယာတွေက သူတို့စီးပွားရေးအတွက် သေဆုံးသူကို ခုတုံးလုပ်ပြီး လုပ်စားနေကြတာဖြစ်ပေမယ့် ဒီမီဒီယာတွေရဲ့ အကျိုးဆက်အဖြစ် နှစ်နိုင်ငံပြည်သူများအကြားမှာ မလိုလားအပ်တဲ့ အထင်အမြင်လွဲမှားမှုတွေ ဖြစ်လာစေနိုင်တာကို ဂျပန်မိဒီယာတွေ သတိမူသင့်လှပါတယ်။ နှစ်နိုင်ငံပြည်သူများအကြား အထင်အမြင်လွဲမှားမှုကတစ်ဆင့် နှစ်နိုင်ငံ ချစ်ကြည်ရေးကို ထိခိုက်လာမယ်ဆိုရင် ဒါဟာ မဖြစ်သင့်တဲ့ကိစ္စပါ။ ဆင်ခြင်သင့်တဲ့ကိစ္စပါ။ မီဒီယာဆိုတာ အင်မတန်တာဝန်ကြီးလှပါတယ်။ ပြည်သူကို အသိမှန်၊ အမြင်မှန်၊ အဖြစ်မှန်ကို တင်ဆက်ပေးခြင်းအားဖြင့် မီဒီယာရဲ့ဂုဏ်သိက္ခာကို ထိန်းသင့်ပါတယ်။ နှစ်နိုင်ငံပြည်သူများအနေနဲ့လည်း အကြံအဖန်မီဒီယာတွေရဲ့ သွေးထိုးမှုကို နားမယောင်ဘဲ အဖြစ်မှန်၊ အခြေအနေမှန်ကို နားလည်လက်ခံပြီး နှစ်ဖက်သင်ပုန်းချေကြရမယ့် ကိစ္စသာဖြစ်တယ်လို့ ကျွန်တော်ဆိုချင်ပါတယ်။

ကျွန်တော်တို့အနေနဲ့တော့ ကျွန်တော်တို့နိုင်ငံမှာ ဂျပန်နိုင်ငံသားတစ်ဦး မတော်တဆသေဆုံးခဲ့ရမှုအတွက် ဂျပန်ပြည်သူအားလုံးနဲ့ ထပ်တူ၊ မစ္ဆာကနာဂါအိရဲ့ မိသားစုနဲ့ ထပ်တူ လုံးဝစိတ်မကောင်းနိုင်ပါဘူး။ ပြည်သူချင်းရော၊ မိဘချွေမျိုးသားချင်းရော၊ မိသားစုချင်းရော တကယ့်ကို ကိုယ်ချင်းစာနာ နားလည်နိုင်ပါတယ်။ ဒါကြောင့်လည်း မစ္ဆာကနာဂါအိရဲ့ ရုပ်အလောင်းကို ဂျပန်ပြည်ရောက်အောင် ဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်ပေးခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ဆိုနိုကင်မရာ ကျန်ရစ်ပါတယ်ဆိုတော့လည်း တွေ့ရှိတဲ့အထောက်အထား လုံးဝမရှိပေမယ့် တွေ့လိုတွေ့ငြား ကြိုးပမ်းရှာဖွေပေးခဲ့ပါတယ်။ ဒီလို လိုက်လျောရာရာဖွေပေးခဲ့ခြင်းဟာ ကျန်ရစ်သူ မိသားစုအတွက် အထောက်အကူဖြစ်ပါစေဆိုတဲ့ သဘောနဲ့ ကူညီရာဖွေပေးခဲ့တာပါ။ လေဆိပ်အဝင် Declaration Form မှာကတည်းက မပါလာတဲ့အပြင် Video Trap ကိုပါ လက်ဆုပ်လက်ကိုင် ခွဲခြားပြန်ငေါ့မှ ဆိုနိုကင်မရာ မပါလာဘူးဆိုတာ အတည်ပြုနိုင်ခဲ့ခြင်းသာ ဖြစ်ပါတယ်။

နိဂုံးချုပ်ရရင်တော့ ဂျပန်-မြန်မာ ဆက်ဆံရေးဟာ ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး မိတ်ဝတ်မပျက် အပြန်အလှန်လေးစားမှု အခွန့်ရှည်ခိုင်မြဲလျက်ရှိပါတယ်။ ရှေ့ဆက်ပြီးတော့လည်း အစိုးရပိုင်းရော၊ ပြည်သူများအချင်းချင်းပါ ချစ်စရာကို ရှည်နိုင်ဖို့ လိုလားကြပါတယ်။ ဒီလိုအခြေအနေမျိုးမှာ အမှန်ကို အမှားလုပ်၊ တစ်စိတ်ကို တစ်အိတ်ဖြစ်အောင် ခဲ့ကားသွေးထိုးပြီး မီဒီယာနဲ့ လုပ်စားနေကြတဲ့ သတင်းဌာနတွေကြောင့် နှစ်နိုင်ငံဆက်ဆံ ရေးကို အရောင်စစ်ခွန်းထင်စေချင်တဲ့ ဆန္ဒအမှန်နဲ့ ဒီဆောင်းပါးကို ကျွန်တော်ရေးဖြစ်ပါတယ်။ ပြည်ပန်းညီ ချိုချင်ပါလျက်နဲ့ ဆားကမဖျက်နိုင်ရအောင် အဖြစ်မှန်၊ အခြေအနေမှန်၊ သဘောထားအမှန်တွေကို တင်ပြနေရခြင်းပါ။ ပြည်ပန်းညီကတော့ နဂိုကတည်းက ချိုပြီးသားပါဗျာ။ နဂိုအချိုဓာတ်ကို ဝင်နှောက်မယ့် ဆားနဲ့တူတဲ့ ပြည်ပအသံလွှင့်ဌာနတွေရဲ့ အချွေတွေ့အတွင်းသဘောကိုတော့ ဇာစ်ဇာစ်မြစ်မြစ်သိပြီး ဝေဖန်ဇာတ် ဝေးစွာရောင်ရှားနိုင်ကြဖို့ စေတနာရှေ့ထားပြီး သတိပေးလိုက်ပါရစေ။ ။

မြန်မာ့အလှနှင့်သဘာဝများကို ဖော်ကျူးထားသည့် ပန်းချီကားများ ပြည်သူများထိတွေ့ခံစားရမည့်ပြပွဲ

အနုပညာရှုခင်း - ပိုးမြင့်လင်းလက် တတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၁၈

ရသမြောက်တဲ့ ပန်းချီကားချပ်တိုင်းဟာ ပန်းချီဆရာရဲ့နှလုံးသည်းပွတ်က ဖြစ်တည်လာတဲ့ အနုပညာရတနာတွေပါပဲ။ ပန်းချီကားကောင်းတစ်ချပ်ဖြစ်ဖို့ ဆိုတာ ခံစားမှု၊ ဖန်တီးမှု၊ အနုပညာ လက်ရာမြောက်မှုနဲ့ အချိန်ဆိုတဲ့ တန်ဖိုးတွေ ပေးဆပ်ရမှသာ ဖြစ်ပေါ်တတ်တာပါ။

ဒီလို အနုပညာ ရတနာတွေလို အရည်အသွေးမြင့်မားတဲ့ ပန်းချီကားတွေပြသထားတဲ့ ပန်းချီခင်မောင်ဗိုရဲ့ **''ချစ်သောရန်ကုန်နှင့်အခြားလက်ရာများ''** လို့အမည်ပေးထားတဲ့ တစ်ကိုယ်တော်ပန်းချီပွဲ တစ်ရပ်ကို ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းမှာရှိတဲ့ ဂရင်း မီးရထားဟိုတယ် ပထမထပ် ပန်းချီပြခန်းမှာ ဒီဇင်ဘာ ၁၅ရက်ကနေပြီး ၂၀ ရက်အထိ ခင်းကျင်းပြသလျက်ရှိပါတယ်။

၄၇ ကား

သပ်ရပ်သန့်ရှင်းတဲ့ ပန်းချီပြခန်းအတွင်းမှာ ပန်းချီ ခင်မောင်ဗိုရဲ့ လက်ရာမြောက် ပန်းချီကားမျိုးစုံကို တွေ့မြင်ရပါတယ်။ **''ဒီပန်းချီပြပွဲမှာ စုစုပေါင်း ပန်းချီကား ၄၇ ကား ပြသထားပြီး ရေဆေး ၂၆ ကားနဲ့ဆီဆေး ၂၁ ကားကို ခင်းကျင်းပြထားပါတယ်''** လို့ ပန်းချီဆရာ ခင်မောင်ဗိုက ရှင်းပြပါတယ်။

ဘုရားရင်ပြင်ည ရေဆေးပန်းချီကားမှာ အလင်းအမှောင် အားပြိုင်မှုကြောင့် ဤသို့ သက်ဝင်လှုပ်ရှားနေသည်။

မြန်မာ့အလှ

''ပန်းချီပညာနဲ့ အသက်မွေးသူ တစ်ဦးအတွက် ကိုယ့်လက်ရာ ပန်းချီကားတွေကို ပြည်သူတွေ သိစေမြင်စေချင်တဲ့ ဆန္ဒလဲပါသလို မြန်မာ့အလှ မြန်မာ့သဘာဝတွေရဲ့ ရှုခင်းတွေကို ပန်းချီဆရာတစ်ဦးရဲ့မြင်တဲ့ရှုထောင့်က ပန်းချီပညာနဲ့ဖော်ပြမှုကို ပြည်သူတွေ ခံစားစေချင်တဲ့ ဆန္ဒလဲပါဝင်တယ်'' လို့ ပန်းချီဆရာ ခင်မောင်ဗိုက ဆက်လက် ပြောကြားပါတယ်။

ပြခန်းအတွင်းမှာ ခင်းကျင်းပြသထားတဲ့ ပန်းချီကားတွေ အားလုံးကို လေ့လာကြည့်တဲ့အခါ သရုပ်မှန်ပန်းချီရေးဆွဲမှုနဲ့တင်ပြထားတာချည်းဖြစ်လို့ ပန်းချီကားတိုင်းဟာ သဘာဝနဲ့ နီးစပ်လွန်းတာ တွေ့ရပါတယ်။

ပန်းချီကားတွေ အားလုံးဟာ လေးနက်တဲ့ အဓိပ္ပာယ်တွေ ဆောင်နေတာမို့ ရင့်ကျက်တည်ငြိမ်တဲ့ ပုံရိပ်တွေ အဖြစ် ခံစားလို့ရပါတယ်။ ပြခန်းအတွင်းမှာ ခင်းကျင်း ပြသထားတဲ့ ပန်းချီကားတွေထဲက **''နွားကျောင်းသားများနှင့် သစ်ပင်အို''** လို့ အမည်ပေးထားတဲ့ ဆီဆေးပန်းချီကားကို အနီးကပ်လေ့လာမိတဲ့အခါ ဆီဆေးကို ကင်းဗတ်ပေါ်မှာ စုတ်တံရော ဓားနဲ့ပါ အသုံးပြုပြီး ခြယ်မှုန်းထားတဲ့ ပန်းချီကားအဖြစ် တွေ့မြင်ရပါတယ်။ ဒီပန်းချီကားဟာ ပင်းတယ အနီးဝန်းကျင်က မြင်ကွင်းဖြစ်ပြီး သစ်ပင်ကြီးတစ်ပင်ရဲ့ သက်တမ်းရင့်ပုံနဲ့ နွားကျောင်းသားတို့ရဲ့ နုပျိုမှုကို အရောင်အလင်းတွေနဲ့ ချိန်ထိုးပြသထားတဲ့ ပန်းချီကားပါပဲ။ ဒီပန်းချီကားမှာ ကြီးရင့်မှုရဲ့ အလှတရားကိုမြင်တွေ့ရသလို နုပျိုမှုရဲ့ အလှတရားကိုလည်း ခံစားလို့ရအောင် တင်ပြထားပုံက မင်သက်မိစရာ ကောင်းလှပါတယ်။

စိတ်ဝင်စားဖွယ်

နောက်ထပ် စိတ်ဝင်စားစရာ ကောင်းတဲ့ ပန်းချီကားတစ်ချပ်ကတော့ **''ဘုရားရင်ပြင်ည''** လို့အမည်ပေးထားတဲ့ ရေဆေး ပန်းချီကားပါပဲ။ ရန်ကုန်စွယ်တော်မြတ်စေတီနဲ့ လပြည့်ည ဘုရားဖူးတွေရဲ့ ပုံရိပ်တွေကို ကောင်းကင်ရဲ့ အမှောင်၊ ဘုရားရင်ပြင်မှာ ပူဇော်ထားတဲ့ မီးတွေရဲ့အလင်းရောင် အားကိုယူပြီး ဖော်ကျူးထားတာမို့ ပန်းချီကားဟာ အလင်းအမှောင် အားပြိုင်မှုကြောင့် သက်ဝင်လှုပ်ရှားနေတော့တာပါပဲ။ အဝါရောင်ကို အဓိကထားသုံးပြီး တခြား အရောင်တွေက ပုံပိုးပေးထားမှုက ပန်းချီဆရာရဲ့ လက်ရာ အဆင့်အတန်းကို ဖော်ပြနေတဲ့ ပန်းချီကားဖြစ်ပါတယ်။

ထိထိမိမိ

နောက်ထပ် ပန်းချီကားတစ်ချပ်ကတော့ **''လမ်းဆုံက ဆိုင်လေး''** လို့ အမည်ပေးထားတဲ့ ရေဆေးပန်းချီကားပါပဲ။ ရန်ကုန်မြို့ ညချမ်းမှာ အမှောင်ရဲ့ အောက်က အေးတဲ့အလင်းရောင် ဖောက်ထားပုံက ပညာသားပါလှပါတယ်။ အဲဒီအေးမြတဲ့ အလင်းရောင် အောက်မှာလှုပ်ရှားနေကြတဲ့ လူတွေရဲ့ ပုံသဏ္ဍာန်ကို ပကတိ အခြေအနေ အတိုင်းဖြစ်အောင် ခရမ်း၊ အဝါ၊ အနက်ရောင်တွေနဲ့ ပေါင်းစပ်လက်စွမ်း ပြထားတာဟာ အပိုအလိုမရှိ ထိထိမိမိ ခြယ်မှုန်းထားမှုက အံ့ဩစရာကောင်းပါတယ်။

ကိုယ့်လက်ရာ ပန်းချီကားတွေကို ပြည်သူတွေ သိစေမြင်စေချင်တဲ့ ဆန္ဒပါ။

ပန်းချီ ခင်မောင်ဗို

ပီပီပြင်ပြင်ဖော်ကျူး

ပန်းချီဆရာ ခင်မောင်ဗိုရဲ့ တစ်ကိုယ်တော် ပန်းချီလက်ရာတွေဟာ မြန်မာဆန်လွန်းလှတဲ့ အပြင် သရုပ်မှန် ပန်းချီရေးဆွဲမှုကို ပီပီပြင်ပြင် ဖော်ကျူးထားတာမို့ မြန်မာ့အလှတွေဟာ ပိုပြီးပေါ်လွင်နေပါကြောင်း အနုပညာရှုခင်းအဖြစ်ရေးသား တင်ပြလိုက်ရပါတယ်။ ။ **(မြန်မာ့အလင်း)**

ရသမြောက်တဲ့ ပန်းချီကားချပ်တိုင်းဟာ ပန်းချီဆရာရဲ့ နှလုံးသည်းပွတ်က ဖြစ်တည်လာတဲ့ အနုပညာ ရတနာတွေပါ။



နွားကျောင်းသားများနှင့် သစ်ပင်အို အမည်ပေးထားသော ဆီဆေး ပန်းချီကားကမူ ကြီးရင့်မှုရဲ့ အလှတရားကို မြင်တွေ့ရသလို ခြယ်မှုန်းထားသည်။

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

ဘုရားပြူစာတော်ပြန်ပွဲ ခုံအမှတ်များထုတ်ယူနိုင်

ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းက ကြီးမှူးကျင်းပသော (၇၆)ကြိမ်မြောက် ဘုရားဖြူ ဝိနည်းစာတော်ပြန်ပွဲကို ပုဇွန်တောင်မြို့နယ် ဘုရားဖြူ ကျောင်းတိုက်၌ ဒီဇင်ဘာ၂၂ရက်မှ ၂၆ရက်အထိ ကျင်းပမည်ဖြစ်ရာ ဝင်ခွင့်လျှောက်လွှာ တင်ထားကြသော စာချတန်း၊အကြီးတန်း၊အငယ်တန်းနှင့် မူလတန်း စာဖြေသံဃာများသည် အသင်းရုံးခန်း၌ ခုံအမှတ်များ လာရောက် ထုတ်ယူနိုင်ကြောင်း သိရသည်။ (က-ပ)

ပြူးအမျိုးသားကျောင်း အာစရိယပူဇော်ပွဲ ပိုစတာဖွင့်

ဖြူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(အမျိုးသားကျောင်း ၁၉၂၀)၏ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲအတွက် လှုံ့ဆော်ရေး မြေစိုက်ပိုစတာဖွင့်ပွဲကို ဒီဇင်ဘာ၄ရက်(အမျိုးသားနေ့) ညနေ ၅နာရီက ထပ်တရာလန်းစားသောက်ဆိုင်ရှေ့၌ ကျင်းပရာ လှုံ့ဆော်ရေးနှင့်ပြန်ကြားရေး ကော်မတီဥက္ကဋ္ဌ ဦးသက်စိန်က မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နောက် ပူဇော်ပွဲကော်မတီဥက္ကဋ္ဌ ဦးအင်းရှောက်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(က-ပ)**

ကျောက်မဲ၌ သက်ကြီးစာပေပညာရှင်များပူဇော်

ခရိုင်ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့မှကြီးမှူးပြီး ၁၃၆၉ခုနှစ် စာဆိုတော်နေ့ စာပေဟောပြောပွဲနှင့် ဒေသခံတိုင်းရင်းသား သက်ကြီးစာပေပညာရှင်များ ပူဇော်ပွဲအခမ်းအနားကို ဒီဇင်ဘာ၁၀ရက် မွန်းတည့်၁၂နာရီက ကျောက်မဲခရိုင် ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းခန်းမ၌ကျင်းပရာ ဒေသခံတိုင်းရင်းသား သက်ကြီးစာပေ ပညာရှင်များဖြစ်ကြသော မြို့နယ်စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ ဦးထွန်းကြည် (သတင်းထောက် ထွန်းကြည်)၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နာယကဆရာကြီး ဦးစိုင်းသန်းမောင်၊ ပလောင်(တအင်း) စာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ ဆရာကြီး ဦးအိုက်စံတို့အား တစ်ဦးလျှင် ငွေကျပ် တစ်သောင်းစီဖြင့် ပူဇော်ကန်တော့ကြသည်။ (က-ပ)

တနိုင်းမြို့နယ်လုံး စုပေါင်းမဟာဘုံကထိန်

တနိုင်းမြို့နယ်လုံးဆိုင်ရာ (၁၆)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်အလှူမင်္ဂလာပွဲကို နိုဝင်ဘာ၂၄ရက် နံနက် ၉နာရီက မြို့ဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ဘုံကထိန်ပဒေသာပင်များကို တနိုင်းအထကကျောင်း၌ စုစည်းကြပြီး ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ၊ ဌာနဆိုင်ရာများက ပဒေသာပင်များ လှည့်လည်ကာ မြို့ဦးဘုန်းတော်ကြီးကျောင်းသို့ ပို့ဆောင်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြကန်သာ၌ တစ်ချက်တည်း ကျင်းဝင်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း မြကန်သာ၌ ဒီဇင်ဘာ ၁ ရက်က ဦးဝဏ္ဏမောင်သည် ကျင်းအမှတ်(၈)ကို ၁၇၄ ကိုက် အကွာမှ IO(10) ဘောလုံးကို Ping Ropture No-8 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားသည်။ ဦးညီညီအောင်၊ ဦးအောင်မြင့်၊ ဦးသူရဝင်း၊ ဦးမျိုးအောင်တို့လည်း ကစားဖော်အဖြစ် အတူရှိကြောင်း သိရသည်။ (က-ပ)

ဝိုင်းဖော်(အထက)ပညာရည်ချန်ဆုချီးမြှင့်

ကချင်ပြည်နယ် ဝိုင်းမော်မြို့ အခြေခံပညာ အထက်တန်းကျောင်း မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချန်ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၃၀ရက် နံနက် ၁၀ နာရီက ကျောင်းခန်းမ၌ကျင်းပရာ သဘာပတိအဖြစ် ဦးဘီဟောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်အိအိရွှေ၊ ကျောင်းအုပ်ဆရာကြီး ဦးကြည်ညွန့်၊ ကျောင်းသားမိဘ ဦးဘရန်ဆိုင်းတို့က အမှာစကားပြောကြားပြီး ဆုများချီးမြှင့်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးလက်ရေပေးရေး လုပ်ငန်းများဆောင်ရွက်

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအငယ်တန်း အင်ဂျင်နီယာ(၂) ဦးအောင်မျိုးသက်သည် မြစ်ကြီးနားမြို့နယ် တန်ဖဲကျေးရွာ ကျေးလက် စိမ့်စမ်းရေပေးရေးလုပ်ငန်း ဆောင်ရွက်ထားသော ရေကန်သုံးကန်၊ ရေပိုက်များနှင့် ရေတိုင်များ ကောင်းမွန်မှုရှိ၊ မရှိ စစ်ဆေးခြင်း၊ မွမ်းမံပြင်ဆင်ရန် လိုအပ်မှုများကို ကျွမ်းကျင်လုပ်သားများနှင့် ပြန်လည်မွမ်းမံပြင်ဆင်ခြင်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြော

ဗန်းမော်ခရိုင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးအဖွဲ့နှင့် ဗန်းမော်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ကြီးမှူးကျင်းပသည့် လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက ဗန်းမော်မြို့နယ် မံခွန်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ကျင်းပသည်။ **(မြို့နယ် ပြန်/ဆက်)**

မိဘတို့၏ စွန့်ပစ်ခြင်းခံရသော ရင်သွေးငယ်များ မေတ္တာအပြည့် လွှမ်းခြုံပေးသည့် ကွန်းခိုရာ ရွှေဂုံတိုင် ကလေးပြုစုရေးဌာန

မေးမြန်းစေ့ငုရေးသားသူ သန်းသန်းနု နှင့် တင်မာဝင်း၊ ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၁၈

အကြောင်းအမျိုးမျိုးကြောင့် မေတ္တာမဲ့ပြီး မိဘတို့၏ စွန့်ပစ်ခြင်းကို ခံခဲ့ရကာ လူ့ဘဝသို့ ရောက်ရှိလာသည့် ရင်သွေးငယ်များ မေတ္တာအပြည့်လွှမ်းခြုံပေးသည့် ကွန်းခိုရာနေရာသို့ ရောက်ရှိလာသည့်အတွက် သူတို့လေးတွေ၏ဘဝသည် လုံခြုံ စိတ်ချသွားရပါသည်။

မေတ္တာငတ်မွတ်ခံရပြီး ရောက်ရှိလာရသည့် ရင်သွေးငယ်လေးများ ကွန်းခိုရာနေရာဖြစ်သည့်လူမှုဝန်ထမ်း ဦးစီးဌာန၊ ကလေးပြုစုရေးဌာန ရွှေဂုံတိုင်သို့ မြန်မာ့အလင်းသတင်း အဖွဲ့ မကြာမီက ရောက်ရှိသွားခဲ့သည်။ မြန်မာ့အလင်းသတင်းအဖွဲ့ကို အုပ်ချုပ်ရေးမှူး ဒေါ်သိန်းသိန်းမြင့်က ပျူဌာစွာဖြင့်ကြိုဆိုခဲ့ပြီး သတင်းအဖွဲ့ရောက်လျှင်ရောက်ခြင်း မွေးကင်းစ လသားအရွယ်ကလေးများထားရှိရာ အဆောင်သို့ ခေါ်ဆောင်သွားခဲ့ပါသည်။ ကလေးများထားရှိရာ အဆောင်သို့ ဝင်လိုက်လျှင်ပင် ဝမ်းနည်းဝမ်းသာ ဖြစ်ရပါသည်။ တစ်နှစ်အောက် လသားအရွယ် ကလေးများဖြစ်ပြီး မိခင်နှင့်မခြား ပြုစုစောင့်ရှောက်နေကြသော ဝန်ထမ်းများ ပြုစုယုယနေမှုကို မျက်မြင်တွေ့ရှိခဲ့ရသည်။

ခွဲခြားထား

အုပ်ချုပ်ရေးမှူး ဒေါ်သိန်းသိန်းမြင့်က ရှင်းလင်းပြောကြားရာတွင် ကလေးများအား ပြုစုမှုအတွက်အသက် အရွယ်အုပ်စုအလိုက် အဆောင်များ ခွဲခြားထားပြီး လသားအရွယ်မှ တစ်နှစ် အထိ အုပ်စုတစ်စု၊ အသက် တစ်နှစ်နှင့် နှစ်နှစ်ကြား အုပ်စုတစ်စုနှင့် နှစ်နှစ်မှ သုံးနှစ်အထိ အုပ်စုတစ်စုဆိုပြီး ခွဲခြားထားကြောင်း သိရှိရသည်။ အသက် သုံးနှစ်ကျော်သော ကလေးများကို ထောက်ကြန့်ကလေး ပြုစု စောင့်ရှောက်ရေးသို့ ပို့ပေးပါသည်။

လူမှုရေး

ကလေးပြုစုရေးဌာနကို ရောက်ရှိလာသောကလေးများအား အကြောင်းအမျိုးမျိုးကြောင့် လူမှုရေးချို့တဲ့နေသည့် ကလေးများနှင့်စောင့်ရှောက်သူမဲ့ ကလေများအား မွေးစမှအသက် ငါးနှစ် အရွယ်အထိ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုစုစောင့်ရှောက်ပျိုးထောင်ပေးရန်၊ ရေးဦးဘဝကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး (ECCD)နှင့် အညီပြုစုစောင့်ရှောက်ပေးရန်၊ စောင့်ရှောက်ထားသည့် ကလေးများအနက် ခန္ဓာကိုယ်ဖွံ့ဖြိုးမှုနှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှု အားနည်းသော ကလေးများကို အသက်ငါးနှစ်အထက်ကျော်လွန်၍ ဆက်လက်ပြုစုစောင့်ရှောက်ပေးရန်၊ စောင့်ရှောက်ထားသော ကလေးများကို ပုံမှန်မိသားစုအတွင်း ကြီးပြင်းလာပြီး ကလေးငယ်ဥပဒေနှင့်အညီ သင့်လျော်သော မိဘများအား မွေးခွင့်ပေးရန်ဟူသော ရည်ရွယ်ချက်နှင့်ပြုစုစောင့်ရှောက်၍ မေတ္တာများ ဖြည့်စွမ်းပေးလျက်ရှိသည်။

နည်းလမ်းခြောက်သွယ်

ကလေးများကို ပြုစုစောင့်ရှောက်ရာတွင် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနည်းလမ်း ခြောက်သွယ်နှင့်အညီ ပြုစုရပါသည်။ ကလေးများ၏ သဘာဝသည် တစ်ချိန်လုံး ကစားနေရမည်ဖြစ်ပါသည်။ ကစားရာတွင် ဦးဆောင်ကစားခြင်း၊ စိတ်ကြိုက်ကစားခြင်း နှစ်မျိုးရှိကြောင်း အုပ်ချုပ်ရေးမှူးက ရှင်းပြပါသည်။ ကလေး၏ ပင်ကိုသဘာဝသည် နည်းလမ်း နှစ်သွယ်မှ ကစားနည်း တစ်မျိုးမျိုးကို ကစားနေမှသာ ကလေး၏ သဘာဝနှင့် ကိုက်ညီမည် ဖြစ်ကြောင်း ဦးဆောင်ကစားမှုမှာ ပန်းသီးအတု သစ်သီးအတုပုံများကို ပြ၍ ကစားပြရမည် ဖြစ်သည်။ ကလေးအရွယ်နှင့် သိသင့်သိထိုက်သည်များ အားလုံးကို သိရှိအောင် ပြသရမည် ဖြစ်ပြီး ကလေး၏ လိုအပ်ချက်ဘာဖြစ်သည်ကို နားလည်ရမည်ဖြစ်သည်။

ရွှေဂုံတိုင် ကလေးပြုစုရေးဌာနမှ အုပ်ချုပ်ရေးမှူး ဒေါ်သိန်းသိန်းမြင့်က မြန်မာ့အလင်းသတင်းအဖွဲ့ သိလိုသည်များကို ဤသို့ဖြေကြားခဲ့သည်။

ပညာပေးသင်တန်း

ကလေးများကို ပြုစုစောင့်ရှောက်ရာတွင် ကလေးများ၏ လိုအပ်ချက်၊ ပြုစုသူ၏ လိုအပ်ချက် လိုအပ်ပြီး မည်သူ့ဘက်က လိုအပ်ချက် ဖြစ်သည်ကို တာဝန်ရှိသူများက လာရောက်ကြည့်ရှုပြီး ညွှန်ကြားပြသကြောင်း ကလေးသူငယ်များ ပြုစုစောင့်ရှောက်မှုအတွက် ပညာပေးသင်တန်းများ ဖွင့်လှစ်ပြီး လာရောက်သင်ကြား ပေးပါကြောင်း အုပ်ချုပ်ရေးမှူးက မြန်မာ့အလင်းသတင်းအဖွဲ့ကို ရှင်းပြသည်။

စာနာထောက်ထား

ကလေးများ၏ စိတ်သည် ငယ်ရွယ်နုပျိုချိန်မှာ အမုန်းနှင့်ထိတွေ့နေရသော ကလေးသည် သူတစ်ပါးကို ရန်မူနေပြီး အေးအတူပူအမျှ မေတ္တာဖြင့် ထွေးပိုက်ခြင်းခံရသော ကလေးသည် မေတ္တာအပြည့်နှင့် အေးမြ၍ စာနာထောက်ထားလေ့ရှိကြောင်း သိရသည်။

ကလေးများ၏ စိတ်သည် ငယ်ရွယ်နုပျိုချိန်မှာ အမုန်းနှင့် ထိတွေ့နေရသော ကလေးသည် သူတစ်ပါးကို ရန်မူနေပြီး အေးအတူပူအမျှ မေတ္တာဖြင့် ထွေးပိုက်ခြင်းခံရသော ကလေးသည် မေတ္တာအပြည့်ဖြင့် အေးမြ၍ စာနာထောက်ထားလေ့ရှိ။

ကလေးများ၏ တစ်နေ့တာ ကျွေးမွေးစရိတ်ကို နိုင်ငံတော်မှ ထောက်ပံ့မှုနှင့် စေတနာရှင်များ၏ လှူဒါန်းငွေများနှင့် ပြုစုစောင့်ရှောက်လျက်ရှိကြောင်း၊ ကလေးများ၏ ကျန်းမာရေးကိုလည်းကြည့်ရှု၍ စောင့်ရှောက်ပေးကြောင်း၊ နိုင်ငံတော်၏ပံ့ပိုးမှုအပြင် အလှူရှင်များ လှူဒါန်းမှုရရှိသည့်အခါ ကလေးများ၏ လိုအပ်ချက်များ ဖြည့်စွမ်းပေးပါကြောင်း သိရှိခဲ့ရသည်။

အုပ်ချုပ်ရေးမှူး ဒေါ်သိန်းသိန်းမြင့်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာတွင်-

မေး။ ဌာနအနေနဲ့ မည်သို့သော ကလေးမျိုး လက်ခံပါသလဲ ရှင်။

ဖြေ။ စွန့်ပစ်ခြင်းခံရတဲ့ ကလေးများ၊ မိဘမဲ့ကလေးများ၊အမိသို့မဟုတ် အဖ တစ်ဦးဦး မကျန်းမာသို့မဟုတ် သေဆုံးတဲ့မိသားစုမှ ကလေးများ၊ အုပ်ထိန်းသူမဲ့တဲ့ ကလေးများ၊ အကြောင်းအမျိုးမျိုးကြောင့် ကြည့်ရှုမယ့်သူ မရှိတဲ့ ကလေးတွေကို လက်ခံပါတယ်။

မေး။ လက်ခံနိုင်သည့် အရွယ်သိပါရစေ။

ဖြေ။ မွေးစမှ သုံးနှစ်အထိ လက်ခံပါတယ်။ သုံးနှစ်ကျော်တဲ့ ကလေးငယ်များကိုထောက်ကြန့်ကလေး ပြုစုရေးဌာနသို့ လွှဲပြောင်း ပို့ပါတယ်။

မေး။ ကလေးဦးရေ မည်မျှလက်ခံနိုင်ပါသလဲ၊ လက်ရှိကလေးဦးရေ မည်မျှရှိပါသလဲ။

မေး။ ကလေးငယ်များ၏ ကျန်းမာရေး ပြုစုစောင့်ရှောက်မှုလေး ပြောပြပေးပါ။

ဖြေ။ ကလေးများ၏ ကျန်းမာရေး အတွက် ဌာနဆိုင်ရာ ဆရာဝန်နှင့် ကလေးဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများ၊ စေတနာဆရာဝန်များ အလှည့်ကျ လာရောက်ကြည့်ရှုပေးကြပါတယ်။ ကျန်းမာရေး ဦးစီးဌာနမှ သူနာပြု ဆရာမ ကိုးဦးတွဲဖက်ထားပါတယ်။

မေး။ အာဟာရ ကျွေးမွေးပြုစုစောင့်ရှောက်မှုကိုလဲ သိပါရစေ။

ဖြေ။ နိုင်ငံတော်နှင့် အလှူရှင်များမှ လှူဒါန်းသောငွေဖြင့် တစ်နေ့ ခြောက်ကြိမ် ကျွေးမွေးပြုစုလျက် ရှိပါတယ်။

မေး။ ကလေးငယ်များအား ပြုစုစောင့်ရှောက်မွေးစားခွင့် အခြေအနေလေး ရှင်းပြပေးပါ။

ဖြေ။ မွေးစားလိုသူများသည် အသက် ၃၅နှစ်မှ ၅၀ အကြားရှိ အမိအဖ နှစ်ဦးစလုံးမှ သဘောတူညီရမယ်။ ၎င်းတို့အနေဖြင့် အိမ်ထောင်သက် ငါးနှစ်ရှိရမယ်။ ကျန်းမာရေးကောင်းမွန်သူများ ဖြစ်ရမယ်။ စီးပွားရေး ခိုင်မာတောင့်တင်းရမယ် စသည့် အချက်များနှင့် ပြည့်စုံပါက လူမှုဝန်ထမ်း ဦးစီးဌာနသို့ လျှောက်လွှာတင်၍ ခွင့်ပြုချက်ရယူရမယ်။ ခွင့်ပြုချက်ရရှိပါက ခြောက်လယာယီမွေးစားခွင့်ပြုကာကလေးငယ်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည့်စုံမှသာ ကိတ္တိမမွေးစားရေး အက်ဥပဒေအရ စာချုပ်၍မွေးစားခွင့်ပြုပါတယ်။

ကလေးငယ်များအား ဆရာ၊ ဆရာမများက နေ့လယ်စာ ကျွေးမွေးချိန်မြင်ကွင်း။

ဖြေ။ ၁၀၀အထိ လက်ခံနိုင်ပြီး လက်ရှိ ၅၂ ဦး ပြုစုစောင့်ရှောက်ထားပါတယ်။

မေး။ လုပ်ငန်းစဉ် နည်းလမ်းများ သိပါရစေ။

ဖြေ။ ရှေးဦးဘဝ ကလေးသူငယ်များ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကာယဖွံ့ဖြိုးတိုးတက်မှု၊ ဉာဏဖွံ့ဖြိုးတိုးတက်မှု၊ စာရိတ္တဖွံ့ဖြိုးတိုးတက်ရေး၊ ပေါင်းသင်းဆက်ဆံရေး၊ ဘာသာစကားဖွံ့ဖြိုးမှုနှင့် ဂီတရသဖွံ့ဖြိုးမှုတို့ကို ဖြည့်စွမ်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကလေးပြုစုရေးဌာန (ရွှေဂုံတိုင်) အနေဖြင့် ကလေးငယ်များအား သိသင့်သိထိုက်သည့် အရွယ်တွင် သိဖို့ရာ တာဝန်ရှိကြောင်း ၎င်းတို့ဌာန ဝန်ထမ်းများ အားလုံးသည် မေတ္တာစိတ်အပြည့်ဖြင့် ပြုစုစောင့်ရှောက်ပေးလျက်ရှိနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပေသည်။ ။

(မြန်မာ့အလင်း)

ရွှေဂုံတိုင် ကလေးပြုစုရေးဌာန ကလေးငယ်များအား ဆရာမများနှင့်အတူ ဤသို့ ပျော်ပျော်ရွှင်ရွှင်တွေ့ရသည်မှာ...။

ရွှေစည်းခုံစေတီတော်

ရွှေစည်းခုံစေတီတော်အား ဖူးတွေ့ရစဉ်။
(သတင်းစဉ်)

ဆင်များရှင် ဘုရား

ဆင်များရှင် ဘုရားအား ဖူးတွေ့ရစဉ်။
(သတင်းစဉ်)

စာဆိုရည်မှန်း ကန်တော့ပန်း

တိမ်လွှာစင်၍
သစ်ပင်းကြို၊ နှင်းဖိုဖိုနှင့်
ငှက်ပျံညြာ၊ တွန်သံနောစ
သာမောလုပ၊ ဆောင်းချမ်းမြဲဝယ်
ဘဝရသ၊ နုအလှကို
ဖြယ်သရေသီ၊ ပြည်ရေချိုကြ
ရှေ့မီနောက်မီ၊ ရင့်ကျက်ပီသား
အနီထိုထို၊ သဒ္ဒါပိုသည့်
ပြည်ကိုချစ်မှား၊ စာဆိုများကို
ညွှတ်တွားရိုကျိုး၊ မာန်ညွှန့်ချိုး၍
ရှိခိုးကော်ရော်၊ မြပုစေသည်
သက်တော်ရာကျော် ရှည်စေသော်။

မန်းဒေါင်းသန်းကြွယ်

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

သွားမွေးဖုံမှန်စားလျှင် မျက်စိတိမ်ရောဂါကာကွယ်နိုင်

သွားမွေးကား တစ်နှစ်တာလုံး သီးတတ်သည့် အသီးတစ်မျိုးဖြစ်သည်။ အထူးသဖြင့် ဒွန်လမှ ဩဂုတ်လအတွင်း လိုင်လိုင်ပေါ်များသည်။ အရသာကားချိုသည်၊ အနည်းငယ် ခါးသက်သည်။ (အောက်ပုံ)

ပါဝင်

သွားမွေးတွင် ဗီတာမင်စီ၊ ဗီတာမင်အေ၊ ပိုတက်စီယမ်၊ ဗီတာမင် ဘီ-၆၊ အမျှင်ဓာတ်၊ ဗီတာမင်ဘီ-၃ တို့ ပါဝင်သည်။ အများဆုံးပါဝင်သည့် ဓာတ်များမှာ ဗီတာမင်စီနှင့် ဗီတာမင်အေတို့ဖြစ်ပြီး ဗီတာမင်စီက ၁၁၂ ဒသမ ၅ ရာခိုင်နှုန်းပါရှိသလို ဗီတာမင်အေက ၁၀၃ ဒသမ ၂ရာခိုင်နှုန်း ပါဝင်သည်။

မျက်စိတိမ်

သွားမွေးကို ပုံမှန်စားသုံးခြင်းဖြင့် လူတို့၏မျက်စိတွင် ဖြစ်ပေါ်တတ်သော အတွင်းဘိမ်ဖြစ်မှုများမှကို ကာကွယ်ပေးနိုင်သလို မတော်တဆ ထိခိုက်မှုတို့ကြောင့်ဖြစ်တတ်သည့် မျက်စိတိမ်ခဲခဲမှုကိုလည်း သက်သာလျော့ပါးစေကြောင်း ဗြိတိသျှသုတေသန ပညာရှင်များက ပြောကြားသည်။

ထို့အပြင် သွားမွေးကို စားသုံးခြင်းကြောင့် နှလုံးရောဂါ၊ လေဖြတ်ရောဂါနှင့် ကင်ဆာဖြစ်ပွားမှုများကို ဟန့်တားပေးနိုင်ပြီး သွေးထဲတွင်ရှိသော သကြားဓာတ်အနေအထားကို ထိန်းညှိပေးနိုင်ကြောင်း၊ အဆုတ်ရောဂါဖြစ်ပွားမှုကိုလည်း ကာကွယ်ပေးနိုင်ကြောင်း ဗြိတိသျှသုတေသန ပညာရှင်များက ဆက်လက်ပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယပိုလ်ချုပ်ကြီးမြင့်ဆွေ အခွန်လွတ်ဈေးများ ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဒီဇင်ဘာ ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယပိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အခွန်လွတ်ဈေးများဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်များကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များကိုမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းရူးဗိုလ်ချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါ၍ နံနက် ၆ နာရီခွဲတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရာဇာဓိရာမလမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ သွားရောက်ပြီး ဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လည်းကောင်း ရောက်ရှိပြီး အခွန်လွတ်ဈေးများအတွင်းရှိ အမှတ် (၁) စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန တို့၏ စားသောက်ကုန်နှင့် လူသုံးကုန် အရောင်းဆိုင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်း အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ရန်ကုန်တိုင်း မော်တော်မြို့နယ် ညောင်ခန်ပင် ကျေးရွာရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်နှင့် ကြက်၊ ငါး မွေးမြူရေးအထူးဇုန်တို့မှ ကိုယ်တိုင်ထုတ်လုပ်သူ လုပ်ငန်းရှင်များ၏ ကြက်သား၊ ကြက်ဥ၊ ငါးနှင့် ဟင်းသီးဟင်းရွက် အရောင်းဆိုင်များ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငွေဝင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်း သွားနိုင်အရောင်းဆိုင်၊ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်ကြီးများအသင်း၏ ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ စားအုန်းဆီအရောင်းဆိုင်များ၊ ဟင်းသီးဟင်းရွက်၊ မီးဖိုချောင်သုံးပစ္စည်း၊ ကုန်ခြောက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ ယနေ့ထပ်မံ ဖွင့်လှစ်လိုက်သည့် ဘုရင့်နောင်ပွဲရုံနယ်မြေမှ ကုန်ခြောက် အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက အခွန်လွတ်ဈေးများအတွင်း ဈေးနှုန်းသက်သာစွာဖြင့် ရောင်းဝယ်ဖောက်ကားနေမှု အခြေအနေများကို လိုက်လံ၍ ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တာဝေမြို့နယ် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည်တိုင်းရူးဗိုလ်ချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော်ဝန်နှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ဒဂုံမြို့သစ်(ဆောင်ပိုင်း) မြို့နယ် ပြည်ထောင်စုလမ်းရှိ ကိုယ်တိုင် ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ သာကေတမြို့နယ် ရွှေဘဲလမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ တာမွေမြို့နယ်ရှိ ကိုယ်တိုင် ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ကိုယ်တိုင် ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ ကမ္ဘဏီလီမိတက်၊ ကြည့်မြင်တိုင် ဗဟို စံပြငါးဈေး၊ ပုဂ္ဂလိကကမ္ဘဏီများ၏ ဆိတ်သား၊ ဝက်သား၊ အမဲသား၊ ရေချိုရေနင်းငါးမျိုးစုံနှင့် ခွဲထွက်ပစ္စည်း အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ စားဖိုဆောင်သုံး သီးနှံများ စိုက်ပျိုးထုတ်လုပ် တင်ပို့ ရောင်းချသူများအသင်း၏ ကြက် ဥများကို လိုအပ်သည်များကို ဝယ်လက်ခံ ရောင်းချပေးခြင်း၊ ကြက်ဥများ ကြီးထွားရေးအတွက် ကြက်ဥသန့်စင်ခြင်း၊ ကြက်ဥများ ပုပ်စီးခြင်းမရှိစေရန် ကြက်ဥများကို ဂရုတစိုက် ကိုင်တွယ်ခြင်း၊ ကြက်ဥများ ကြာရှည်ခံစေရန် ထိန်းသိမ်းခြင်း၊ ကြက်ဥများ ကြီးထွားရေးအတွက် ကြက်ဥသန့်စင်ခြင်း၊ ကြက်ဥများ ပုပ်စီးခြင်းမရှိစေရန် ကြက်ဥများကို ဂရုတစိုက် ကိုင်တွယ်ခြင်း၊ ကြက်ဥများ ကြာရှည်ခံစေရန် ထိန်းသိမ်းခြင်း၊ ကြက်ဥများ ကြီးထွားရေးအတွက် ကြက်ဥသန့်စင်ခြင်း၊ ကြက်ဥများ ပုပ်စီးခြင်းမရှိစေရန် ကြက်ဥများကို ဂရုတစိုက် ကိုင်တွယ်ခြင်း၊ ကြက်ဥများ ကြာရှည်ခံစေရန် ထိန်းသိမ်းခြင်း၊ ကြက်ဥများ ကြီးထွားရေးအတွက် ကြက်ဥသန့်စင်ခြင်း၊ ကြက်ဥများ ပုပ်စီးခြင်းမရှိစေရန် ကြက်ဥများကို ဂရုတစိုက် ကိုင်တွယ်ခြင်း၊ ကြက်ဥများ ကြာရှည်ခံစေရန် ထိန်းသိမ်းခြင်း၊ ကြက်ဥများ ကြီးထွားရေးအတွက် ကြက်ဥသန့်စင်ခြင်း၊ ကြက်ဥများ ပုပ်စီးခြင်းမရှိစေရန် ကြက်ဥများကို ဂရုတစိုက် ကိုင်တွယ်ခြင်း၊ ကြက်ဥများ ကြာရှည်ခံစေရန် ထိန်းသိမ်းဆောင်ရွက်ရေး၊ သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်၊ သားငါးများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချနိုင်ရေး၊ စားသုံးကုန်ပစ္စည်း အမယ်မျိုးစုံကို ပိုမိုတိုးတက်စွာ ရောင်းချရေး၊ အခွန်လွတ်ဈေးများ အစဉ်သန့်ရှင်းသပ်ရပ်ရေး၊ စားသုံးသူများ စိတ်ချမဲ့မြွေစွာ ဝယ်ယူနိုင်ရေးအတွက် အဆင့်ဆင့်ကမျက်ခြည်မပြတ်ကြပ်မတ် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားပြီး နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၉-၁၂-၂၀၀၇ရက် (ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

၇း၀၀ ။ ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိဂ်ံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓေ မဟာရဋ္ဌဂုရု အဘိဓေ အဂ္ဂမဟာသူဌေ ဓောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဇိဓိဇ္ဇသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ။၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာရိုးအေး မင်္ဂလာတေး
၇း၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၀၅ ၆။ အတီးပြိုင်ပွဲ
၈း၂၀ ၇။ လယ်ယာစီးပွားမြင့်မားစေရန် ပဒေသရေလှောင်တမံ
၈း၃၀ ၈။ International News
၈း၄၅ ၉။ Let's Go ညပိုင်း
၁၄း၅၀ ၁။ **၂၀၀၇ခုနှစ် (၄၆)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်လေ့လာ၊ တပ်မတော် (ကြည်းတပ်ရေလေ)ဘောလုံးပွဲ ဝိုက်နိုက်ထုတ်လွှင့်မှုအစီအစဉ် (ဒုတိယအကြိမ်ပြိုင်လိုလွှဲ)**
၁၆း၄၅ ၂။ မျိုးချစ်စိတ်ဓာတ်ရင်သန့် ထက်မြက်ရေးစားများ
၁၇း၀၀ ၃။ အဆေးသင်တန်းသို့လိုက် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာ အထူးပြု) [စီးပွားရေးပညာ]
၁၇း၁၀ ၄။ သီချင်းကြိုးပေဒေသာ
၁၇း၂၀ ၅။ ရွှေဖွယ်ရွေလင် အာဆီယံအစီအစဉ်
၁၇း၃၀ ၆။ ရသပေါ်လွင် သရဖတ်ဆောင်လွင်ပြင်
၁၈း၀၀ ၇။ ညနေခင်းသတင်း
၁၈း၃၀ ၈။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၉။ မြန်မာ့ရေလှ ရိုးရာလက်ရေ့ ပြောပေးပြီး မတီးမမြည်
၁၉း၀၀ ၁၀။ နေရစ်လင်း၊ မောင်မောင်မြင့်၊ ရှင်ဖုန်းအိမ်ချယ်၊ မိုးဇော်၊ ခွိုင်ဆုသွယ် (ဒါရိုက်တာ-မောင်မောင်မြင့်)
၁၉း၂၅ ၁၁။ ထက်မြက်ချော်ရွှင် အိမ်ထောင်ရင်
၁၉း၄၅ ၁၂။ ကြေးမုံရိပ်သွင် စေးနယ်ဥ
၂၀း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ Franz Hararay's Magic Planet
၁၇။ မြန်မာဘီဒီယိုဇာတ်လမ်း လိုတိုင်းတာ တတိုင်းရစေ နိုင်းနိုင်း၊ နန္ဒလွင်လင်း (ဒါရိုက်တာ-မောင်မောင်ဦး-စန်းပွိုက်)

● ရှေ့ဖုံးမှ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လောကနန္ဒာစွယ်တော်ဘုရားအား လက်ယာရစ် လှည့်လည်ကြည်ညိုပြီး လောကနန္ဒာဘုရားအား မြစ်ရေတိုက်စားမှုမှ ကာကွယ်ရေး၊ ဘုရားရင်ပြင်တော် ရေရှည်ကြွံခိုင်တည်တံ့စေရေးတို့အတွက် လိုအပ်သည်များကို လေ့လာတိုင်းတာ ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လောကနန္ဒာစွယ်တော်ဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပုဂံမြို့သစ်ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ စေတီတော်အရှေ့ဘက်မုခ်ရှိ ကကုသန်ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ကြည်ညို

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရွှေစည်းခုံစေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ စေတီတော်အား လက်ယာရစ် လှည့်လည်ကြည်ညိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဆင်များရှင်ဘုရားသို့ ရောက်ရှိ၍ ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၆ ရက် ညနေပိုင်းတွင် ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ရောက်ရှိကြပြီး ပင်မ ပြခန်းဆောင်ကြီးနှင့် ပုဂံခေတ် လူနေမှုဘဝ ပြခန်း၊ ပုဂံခေတ် ဗိသုကာပြခန်း၊ ပုဂံခေတ် လက်မှုအနုပညာပြခန်း၊ ပုဂံခေတ် စာပေပြခန်း၊ ပုဂံနန်းမြို့ရိုး ပြခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

ဖူးမြော်ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရွှေစည်းခုံစေတီတော် အရှေ့ဘက်မုခ်ရှိ ကကုသန် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တောင်ငူ ဂျီတီအိုင် အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၈

တောင်ငူ ဂျီတီအိုင် ကျောင်းသားကျောင်းသူများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ မရမ်းကုန်းမြို့နယ် ၈မိုင်လမ်းဆုံရှိ ရွှေဘဲစားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုသူများသည် ကိုမောင်မောင်ကျော် ဖုန်း-၀၉၅-၃၅၀၇၅၆၊ ကိုလှမြင့် ဖုန်း-၀၉၅-၁၆၀၂၉၀၊ ကိုအေးကို ဖုန်း-၀၉၅-၁၃၀၆၁၅၊ ကိုမြင့်နိုင် ဖုန်း-၀၉၅-၁၁၄၂၆၂၊ ကိုနေမျိုး ဖုန်း-၀၉၅-၀၀၆၃၁၄၊ ကိုထွန်းမြင့် ဖုန်း-၀၆၇-၄၁၄၂၁၀၊ ကိုအောင်ကျော်နိုင် ဖုန်း-၀၉၅-၁၉၅၁၉၄၊ မအေးအေးသိန်း ဖုန်း-၀၉၅-၁၃၈၁၈၇နှင့် ကိုနေမိုးကျော် ဖုန်း-၀၉၅-၀၂၅၁၃၈တို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နည်းပညာဆိုင်ရာဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၈

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA)မှ ကြီးမှူး၍ Myanmar Information Technology Pte Ltd. ၏ ကူညီပံ့ပိုးမှုဖြင့် ဒီဇင်ဘာ ၂၂ ရက်(စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် ပင်မဆောင်ရှိ Conference Hall တွင် ကျင်းပပြုလုပ်မည့် နည်းပညာဆိုင်ရာ ဟောပြောပွဲတွင် MIT Pte,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းသူရသက်က Data To Knowledge ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းအလုပ်အမှုဆောင် ဦးထွန်းခိုင်က Factors Influencing Successful Implementation of Software ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးဟောပြောမည်ဖြစ်သည်။

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊ လုပ်ငန်းနယ်ပယ်အသီးသီးမှ IT ပညာရှင်များနှင့် IT စီးပွားရေးလုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်သည်။ အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်(၄)၊ အခန်း(၄) ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

အကြံပြု ဆွေးနွေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေး ကော်မရှင် အဖွဲ့ဝင် ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်အောင်မြင့် အကြံပြု ဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

မွေးမြူရေးဆေးဝါးပစ္စည်းပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၈

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (မန္တလေးတိုင်း)နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မန္တလေးတိုင်းတို့မှ ပူးပေါင်း ကြီးမှူးကျင်းပမည့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (မန္တလေးတိုင်း) တတိယအကြိမ် အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနားနှင့်အတူ မွေးမြူရေးဆေးဝါးကုမ္ပဏီများမှ ဆေးဝါးပစ္စည်းပြသခြင်း၊ မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းကို ဒီဇင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မန္တလေးတိုင်း ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ပြည်တွင်းပြည်ပ မွေးမြူရေး ဆေးဝါးကုမ္ပဏီ ၂၁ ခုတို့မှ ဆေးဝါးနှင့် ဆေးပစ္စည်းများကို ပြသခြင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သုတေသနစာတမ်းများ ဖတ်ကြားဆွေးနွေးခြင်းများကို နှစ်ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။

ဖိတ်ကြားထား

အခမ်းအနားသို့ မန္တလေးတိုင်းအတွင်းရှိ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် တိုင်း၊ ခရိုင်၊ မြို့နယ်များမှ အလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်များ၊ မွေးမြူရေးနှင့် ဆေးကုသရေးပညာရှင်များကိုယ်တိုင် မွေးမြူရေးဆောင်ရွက်နေသူများ၊ မွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ်နေသော စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြပါရန် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(မန္တလေးတိုင်း)နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မန္တလေးတိုင်းတို့မှ ဖိတ်ကြားထားကြောင်း သိရသည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

ဆွေးနွေးအကြံပြု

ယင်းနောက် တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များက ရေးဆွဲတင်ပြသော အခြေခံဥပဒေမူကြမ်းများအပေါ် အသေးစိတ် ဆွေးနွေး အကြံပြု တင်ပြကြသည်။

ထို့နောက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင် ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိုဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အဖွဲ့ဝင် ဦးသိန်းစိုး အကြံပြုဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အဖွဲ့ဝင် ဒုတိယ ရှေ့နေချုပ် ဦးထွန်းထွန်းဦး အကြံပြု ဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် အဖွဲ့ဝင် ဒေါက်တာတင်အောင်အေး အကြံပြု ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲများ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် ဒီဇင်ဘာ ၁၈

၂၀၀၇ ခုနှစ် (၄၆)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲကို ဒီဇင်ဘာ ၁၉ ရက် ညနေ ၃ နာရီတွင်လည်းကောင်း၊ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၂၂ ရက် ညနေ ၃ နာရီတွင်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဘောလုံးယှဉ်ပြိုင်ကစားကြပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရောင်စုံပန်းတိုလန်း၍ လန်းသောပန်းတို့ မွှေးခဲ့ပြီ ထွန်းဖေငေးရှင်းပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

သတင်း–တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံမှတ်တမ်း–ကြီးစိုး

ရန်ကုန် ဒီဇင်ဘာ ၁၈

မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ထွန်းဖေငေးရှင်း၏ စိုက်ပျိုးစိစဉ်မှု၊ မြန်မာနိုင်ငံ နိုးရာပန်းပညာရှင်များ အစည်းအရုံး(၈ဟို)မှ ပါဝင်ကူညီ ပေါင်းသင် ရေလောင်းမှုကြောင့် ရောင်စုံပန်းတို့ တစ်ထောင်နီးပါး ဖူးပွင့်ခဲ့သော Best Painting of the Year–2007 ပန်းချီပြိုင်ပွဲကြီးတွင် ဒီဇင်ဘာ၁၈ရက်က ဆုချီးမြှင့်ပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရိုးရာပန်းအစည်းအရုံးမှ အတွင်းရေးမှူး ဦးကြည်ဝင်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ထွန်းဖေငေးရှင်း ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် အစည်းအရုံးမှ ဒုတိယဥက္ကဋ္ဌ ဦးသန့်စင်(ခ)ပန်းချီလှတင် ထွန်းတို့က အမှာစကားပြောကြားကာ ဆုရသူ ၁၀ဦးအား ဦးသိန်းထွန်းက ဆုများချီးမြှင့်ခဲ့သည်။

ပန်းချီကားနှင့်အတူ

ပထမ ဆုရ ဦးဝင်းမြင့်မိုး အား ပန်းချီကားနှင့်အတူ ဤသို့ တွေ့ရသည်။

ဆုရရှိ

ဆုများကိုဦးဝင်းမြင့်မိုးက **"လှပ်ရှားနေသော သဲစဉ်များ"**ဖြင့် ပထမ၊ မမော်မော်လှိုင်က "My Taste" ဖြင့် ဒုတိယ၊ ဦးကျော်မင်းလွင်က "Solid" ဖြင့် တတိယ၊ ဦးမြင့်အောင်က **"ပုဂံမှာရွာတဲ့မိုး"**ဖြင့် စတုတ္ထ ရရှိခဲ့ပြီး အထူးဆုများကို ဦးအောင်ဆင်က (ကြာကန်)၊ ဦးစောလင်း (အောင်က (Harmony)၊ ဦးစောတင်မောင်က(ရွေဝါရောင်ညနေခင်း)၊ ဦးစိုးနိုင်ဦးက(အလင်း)၊ ဦးပြည်ကျော်ဟန်က(မြန်မာ့အမွေ)၊ ဦးမင်းဇေယျာ ဦးက(ဆိပ်ကမ်း) အသီးသီး ရရှိခဲ့ကြသည်။

My Taste **အမည်ဖြင့် ဒုတိယဆုရ မမော်မော်လှိုင် (မော်မော်)။**

ဆုရသူအချို့နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ ပထမဆုရဦးဝင်းမြင့်က "ပန်းချီကားရဲ့ အမည်က လှပ်ရှားနေသော သဲစဉ်များလို့ပေးထားပါတယ်။ မြန်မာ့ယဉ်ကျေးမှုစရိုက်ထဲက ဒိုးပတ်ပိုင်းကကွက်တစ်ခုရဲ့ လှပ်ရှားသွက်လက်မှု၊ မီးရောင်များ၊ အသံများကို ပေါ်လွင်စေဖို့ စုတ်ချက်နဲ့ ခြယ်မှုန်းထားတာဖြစ်ပါတယ်"လို့ ပြောကြားခဲ့သည်။ ဦးဝင်းမြင့်သည် ၁၉၇၆ခုနှစ်က ပန်းချီကျောင်းဆင်းတစ်ဦး ဖြစ်သည်။ ယြိုင်ပွဲတွင် ရှားရှားပါးပါး ဒုတိယဆုရသည့် အမျိုးသမီးတစ်ဦးဖြစ်သည့် မမော်မော်လှိုင်(မော်မော်)က "အပူနဲ့အအေးရဲ့ ပေါင်းစပ်ဖွဲ့စည်းမှုကို ပေါ်လွင်အောင်ရေးပြီး ကားအမည်ကိုတော့ My Taste လို့ ပေးထားပါတယ်"လို့ ဆိုခဲ့ပြန်ပါသည်။ သူမသည် ၂၀၀၄ခုနှစ်က ပန်းချီပန်းပု ကျောင်းဆင်းတစ်ဦးဖြစ်သည်။ တတိယဆုကို ဦးကျော်မင်းလွင်က ဆွတ်ခူးခဲ့ပြီး ဆုရပန်းချီကား အမည်က Solid လို့ အမည်ပေးထားသည့် ပန်းချီကားပင်ဖြစ်သည်။ စတုတ္ထဆုကို ဦးမြင့်အောင်၏ **"ပုဂံမှာရွာတဲ့မိုး"**ပန်းချီကားက ရရှိခဲ့သည်။ "မိုးဖွဲဖွဲလေးအောက်မှာ ပုဂံလေ့အတိုင်း မြင်းလှည်းလေးနဲ့ လျှောက်လည်ရတာကို သဘောကျလို့ ရေးခဲ့ဆွဲခဲ့တာပါ"လို့ပြောခဲ့သည်။ **"အလင်း"**လို့ အမည်ပေးထားသည့် ပန်းချီကားဖြင့် အထူးဆုရခဲ့သည့် ဦးစိုးနိုင်ဦးက တောရွာတစ်ရွာက ဘုန်းတော်ကြီးကျောင်းမှာ စာသင်နေတဲ့ ကိုရင်လေးနှစ်ပါးရဲ့ ပညာအလင်းကို ဖော်ကျူးခဲ့တာပါ"လို့ ပြောကြားခဲ့သည်။

မူလက ကြေညာထားသည့် အတိုင်း ပထမဆုကို ဒွေကျပ်သိန်း၃၀၊ ဒုတိယဆုကို ငွေကျပ် ၂၅သိန်း၊ တတိယဆုကို ငွေကျပ်သိန်း၂၀၊ စတုတ္ထဆုကို ငွေကျပ်၁၅သိန်းနှင့် အထူးဆုများကို ငွေကျပ် ၁၀သိန်းစီ ချီးမြှင့်ပေးအပ်ခဲ့သည်။

ထွန်းဖေငေးရှင်းဥက္ကဋ္ဌ ဦးသိန်းထွန်း၏ မြန်မာပန်းချီလောကအပေါ် ထားရှိသော **မြန်မာ့ပန်းချီအနုပညာလက်ရာများကို ပြည်သူအများ ခံစားသိရှိနိုင်ပြီး နိုင်ငံတကာနယ်ပယ်တွင် ပေါ်လွင်ထင်ရှားစေရန်၊ မြန်မာ့ရေမြေတောတောင်တို့၏ အလှသဘာဝကို မှတ်တမ်းတင်ရန်၊ ထူးချွန်ထက်မြက်သော ပျိုးဆက်သစ် ပန်းချီပညာရှင်များ ပေါ်ထွက်လာနိုင်စေရန် ဆိုသော ရည်ရွယ်ချက်** သည် အောင်မြင်ခဲ့ပေသည်။ အခြားစေတနာရှင်များလည်း ယခုလို မြောက်မြားစွာ ပေါ်ထွက်လာပါစေဟူ၍ ဆန္ဒပြုလိုက်ရပါသည်။ ။

မြန်မာ့ပန်းချီ အနုပညာလက်ရာများကို ပြည်သူအများ ခံစားသိရှိနိုင်ဖြို့ နိုင်ငံတကာနယ်ပယ်တွင် ပေါ်လွင်ထင်ရှားစေရန် ရည်ရွယ်။

မန္တလေးတိုင်း ပြည်ထောင်စုကြိုဆိုရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ အလှူရှင်များက မန္တလေးအိုးဘို(၈ဟို)အကျဉ်းထောင်ရှိ အကျဉ်းသားများအတွက် လူမှုအထောက်အပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း�စဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း ပြည်ခိုင်ဖြိုးနှင့် အလှူရှင်များက မန္တလေးအိုးဘို(၈ဟို)အကျဉ်းထောင်ရှိ အကျဉ်းသားများအတွက် လူမှုအထောက်အပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၁၈

မန္တလေးတိုင်း ပြည်ထောင်စုကြိုဆိုရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ အလှူရှင်များက ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက မန္တလေးအိုးဘို(၈ဟို)အကျဉ်းထောင်ရှိ အကျဉ်းသားများအတွက် လူမှုအထောက်အပံ့ပစ္စည်း ကျပ်ကိုးသိန်းဖိုးခန့် ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ပေးအပ်လှူဒါန်း

မန္တလေးတိုင်း ပြည်ထောင်စုကြိုဆိုရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးမြင့်သိန်း၊ ဦးအောင်ကျော်သာနှင့် အဖွဲ့ဝင်များ၊ ဂျာနယ်သတင်းထောက်များနှင့် အလှူရှင်များသည် ဒီဇင်ဘာ၅ရက် နံနက်၉နာရီကျော်ခန့်တွင် အကျဉ်းထောင်ပို့ရောက်ရှိပြီး ငွေကျပ်ခုနစ်သောင်းတန်ဖိုးရှိ နိုင်ငံခြား သောက်ဆေးဖျံးစုံ၊ ငွေကျပ် ၁၄၀၀၀၀ တန်ဖိုးရှိ ဘီစကွတ်ထုပ်များ၊ ငွေကျပ်တစ်သိန်းတန်ဖိုးရှိ ရွှံ့ကံဘုတ်လေးချပ်နှင့် ဆက်စပ်ပစ္စည်းများ၊ ငွေကျပ်တစ်သိန်းခွဲ တန်ဖိုးရှိ လျှပ်တစ်ပြက်နှင့် Upper Myamnar ဂျာနယ်အစောင် ၃၀၀၊ ငွေကျပ် ၂၄၀၀၀ တန်ဖိုးရှိ ကနောင် ဂျာနယ်အစောင် ၈၀၊ ငွေကျပ် ၂၀၀၀၀ တန်ဖိုးရှိ ပန်းသီးတစ်သေတ္တာ၊ ငွေကျပ်သုံးသိန်းခန့်တန်ဖိုးရှိ Family ကိတ်မြောက်နှင့် ပေါင်မုန့်များ၊ ကော်ဖီစစ်ထုပ်များနှင့် သကြားလုံးထုပ်များကို ပေးအပ်လှူဒါန်းကြသည်။

(၃၉ကြိမ်)

ထို့နောက် တိုင်းအလုပ်အမှုဆောင်နှင့်အဖွဲ့ဝင်များသည် အလုပ်ရုံ အကျဉ်းထောင်ရှိ လက်သမားရုံ၊ ပန်းပုအလုပ်ရုံနှင့် ပန်းချီအလုပ်ခန်းတို့တွင် အကျဉ်းသားများလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုခြင်း၊ အကျဉ်းကျသူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

မန္တလေးတိုင်း ပြည်ထောင်စုကြိုဆိုရေးနှင့်ဖွံ့ဖြိုးရေးအသင်းသည် မန္တလေး အိုးဘို(၈ဟို) အကျဉ်းထောင်သို့ လူမှုအထောက်အပံ့ပစ္စည်းများလှူဒါန်းလျက်ရှိရာ ယခုအကြိမ်သည် (၁၂)ကြိမ်မြောက်ဖြစ်ကြောင်း၊ ယခုအကြိမ် အပါအဝင် စုစုပေါင်းထောက်ပံ့လှူဒါန်းမှုမှာ တန်ဖိုးငွေကျပ်သိန်း ၉၀ ကျော်ဖိုးဖြစ်ကြောင်း၊ မန္တလေးတိုင်းအတွင်းရှိ မြင်းခြံ၊ မိတ္ထီလာ၊ ကျောက်ဆည်၊ ညောင်ဦး၊ ပြင်ဦးလွင်၊ ရမည်းသင်းခရိုင်တို့ အပါအဝင် တိုင်းတစ်တိုင်းလုံးအနေဖြင့် (၃၉)ကြိမ်မြောက် လှူဒါန်းနိုင်ခဲ့ပြီး စုစုပေါင်း ငွေကျပ်သိန်း ၁၅၀ခန့်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရ ပြည်သူတို့နှင့်လက်တွဲ၍ ဒေသမှီဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လို စစ်ကိုင်းမြို့နယ်မှ NLD ပါတီဝင် ၂၈ဦးစုပေါင်းနုတ်ထွက်

နေပြည်တော် ဒီဇင်ဘာ ၁၈

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှပါတီဝင်များဖြစ်ကြသော အုန်းတောမြောက်ရွာနေ ဦးတင်မောင်ဦး၊ ဦးဖြိုးဝေ၊ ဦးသိန်းထူး၊ ဓက်ခကျေးရွာနေ ဦးတိုးမောင်၊ ဦးတင်ဝင်း၊ ဦးသိန်းရွှေ၊ ဦးဝင်းအောင်၊ ဦးဆန်းတင်၊ ဒီပဲယင်းခွဲကျေးရွာနေ ဦးသိန်းထွန်း၊ ဦးကျော်မြင့်၊ ပြည်တော်သာ ကျေးရွာနေ ဦးအောင်မြတ်၊ ဦးခင်မောင်အေး၊ ဦးဘိုမဲ၊ ဦးကျော်ဆွေ၊ ဦးသန်း၊ ဦးသောင်း၊ ဦးဆွေ၊ ဦးကျော်မင်း၊ ဦးနိုင်ဦး၊ ဦးသန့်ဦး၊ ဦးပေါများ၊ ဦးဇော်ဇော်၊ ဦးမြင့်ကျော်၊ ဦးပု၊ ဦးသိန်းအေး၊ ဦးဇော်လွင်၊ ဦးအေးဝင်း၊ ဦးမင်းမင်းတို့သည် ၎င်းတို့ဆန္ဒအလျောက် စက်တင်ဘာ ၁၅ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှနုတ်ထွက်ကြောင်း၊ နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့ နုတ်ထွက်ခဲ့ကြသည်။

နုတ်ထွက်

၎င်းတို့၏ နုတ်ထွက်လွှာများတွင် ၎င်းတို့အနေဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်သူတို့နှင့်လက်တွဲကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားလိုသဖြင့် ၎င်းတို့၏ သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှနုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်စွာပြီးစီး
အိမ်ရှင်ထိုင်း အားကစားအဖွဲ့ နိုင်ငံအလိုက်ပထမရရှိ
မြန်မာအားကစားအဖွဲ့ ရွှေတံဆိပ်၁၄၊ ငွေတံဆိပ် ၂၆၊ ကြေးတံဆိပ်၄၇ဆွတ်ခူး

သတင်းဆောင်းပါး–ကိုထွေး

24th SEA GAMES
NAKHON RATCHASIMA 2007

ရန်ကုန် ဒီဇင်ဘာ ၁၈

Spirit, Friendship, and Celebrations ဟူသော ဆောင်ပုဒ်ဖြင့် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးသည် ဒီဇင်ဘာ ၁၆ရက်က အောင်မြင်စွာပြီးစီးသွားခဲ့ပြီဖြစ်သည်။ (၂၄) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက်ညပိုင်းက ထိုင်းနိုင်ငံ နောင်ခွန်ရတ်ချာစမာ (ခိုရတ်)မြို့ ထိုင်းဘုရင်သက်တော်(၈၀)ပြည့်အထိမ်းအမှတ်အားကစားကွင်း (Main Stadiun, His Majesty The King' 80th Birthday Anniversary Stadiun)၌ ကျင်းပခဲ့သည်။

အမှာစကားပြောကြား

နှစ်နာရီကျော်ကြာ ကျင်းပသော (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲပိတ်ပွဲအခမ်းအနားသို့ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဆူရာယုချူလာနွန် တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ပိတ်ပေးလိုက်သည်။

ပိတ်ပွဲ အခမ်းအနားတွင် ထိုင်းရိုးရာ အကများအပြင် လာအိုနိုင်ငံရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ပြီး မီးရှူးမီးပန်းများ၊ မီးပုံးများလွှတ်တင်၍ ခမ်းနားထည်ဝါစွာကျင်းပခဲ့ရာ တက်ရောက်ကြည့်ရှုကြသူများက အဝါရောင် အလံငယ်များ ဝှေ့ယမ်း၍ အားကစားသမားများအား ဂုဏ်ပြုနှုတ်ဆက်ခဲ့ကြသည်။

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပြီးဆုံးသွားချိန်တွင် အိမ်ရှင် ထိုင်းအားကစားအဖွဲ့က ရွှေတံဆိပ်၁၈၃ခု၊ ငွေတံဆိပ်၁၂၃ခု၊ ကြေးတံဆိပ်၁၀၃ခု စုစုပေါင်းဆုတံဆိပ် ၄၀၉ဖြင့် နိုင်ငံအလိုက် ပထမရရှိသွားသည်။ မလေးရှား အားကစားအဖွဲ့က ဒုတိယ၊ ဗီယက်နမ်အားကစားအဖွဲ့က တတိယ၊ အင်ဒိုနီးရှား အားကစားအဖွဲ့က စတုတ္ထ၊ စင်ကာပူအားကစားအဖွဲ့က ပဉ္စမ၊ ဖိလစ်ပိုင် အားကစားအဖွဲ့က ဆဋ္ဌမ၊ မြန်မာအားကစားအဖွဲ့က သတ္တမ၊ လာအိုအားကစားအဖွဲ့က အဋ္ဌမ၊ ကမ္ဘောဒီးယား အားကစားအဖွဲ့က နဝမ၊ ဘရူနိုင်းအားကစားအဖွဲ့က ဒသမ ရရှိကြသည်။

ရယူပေးခဲ့

နိုင်ငံအလိုက် သတ္တမရရှိခဲ့သော မြန်မာအားကစားအဖွဲ့သည် ရွှေတံဆိပ် ၁၄ခု၊ ငွေတံဆိပ်၂၆ခု၊ ကြေးတံဆိပ် ၄၇ခု စုစုပေါင်း ဆုတံဆိပ်၈၇ခု ဆွတ်ခူးရရှိခဲ့သည်။ မြန်မာအားကစားအဖွဲ့အတွက် ရွှေတံဆိပ်ဆု၁၄ခုကို ကနူးလှေအဖွဲ့က လေးခု၊ ရိုးရာလှေအဖွဲ့က သုံးခု၊ သေနတ်ပစ်အဖွဲ့က နှစ်ခု၊ ဂျူဒိုအဖွဲ့၊ ဝူရှူးအဖွဲ့၊ ဘိလိယက်နှင့် စနူကာအဖွဲ့၊ တိုက်ကွမ်ဒိုအဖွဲ့နှင့် ကာယဗလအဖွဲ့တို့က တစ်ခုစီ အသီးသီးဆွတ်ခူးရယူပေးခဲ့ခြင်းဖြစ်သည်။

မြန်မာအားကစားအဖွဲ့မှ ဆုတံဆိပ်ရရှိခဲ့သော အားကစားအဖွဲ့များမှာ ကနူးလှေအဖွဲ့၊ ရိုးရာလှေအဖွဲ့၊ သေနတ်ပစ်အဖွဲ့၊ ဂျူဒိုအဖွဲ့၊ ဝူရှူးအဖွဲ့၊ တိုက်ကွမ်ဒိုအဖွဲ့၊ ဘိလိယက်နှင့် စနူကာအဖွဲ့၊ ကာယဗလအဖွဲ့၊ ပြေးခုန်ပစ်အဖွဲ့၊ အနောက်တိုင်းလှေအဖွဲ့၊ မွေထိုင်းအဖွဲ့၊ ပိုက်ကျော်ခြင်းအဖွဲ့၊ ပန်ကြပ်ဆီလက်(သိုင်း)အဖွဲ့၊ ဘောလုံး (အမျိုးသား၊ အမျိုးသမီး) အဖွဲ့၊ လက်ဝှေ့အဖွဲ့၊ ကရာတေးဒိုအဖွဲ့၊ မြားပစ်အဖွဲ့နှင့် ရွက်လှေအဖွဲ့တို့ ဖြစ်ကြသည်။

၁၈မျိုး

မြန်မာ အားကစား အဖွဲ့သည် အားကစားနည်း ၂၉မျိုး၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အားကစားနည်း ၁၈မျိုးတွင် ဆုတံဆိပ် ရရှိနိုင်ခဲ့ပြီး ကျန်အားကစားနည်း ၁၁မျိုးတွင် ဆုတံဆိပ်ရရှိခြင်း မရှိခဲ့ချေ။ ဆုတံဆိပ်ရရှိခြင်း မရှိသော အားကစားအဖွဲ့များမှာ ရေကူးအဖွဲ့၊ ဒိုင်ဗင်အဖွဲ့၊ ဘော့စ်ဘောအဖွဲ့၊ စက်ဘီးစီးအဖွဲ့၊ ဖူဆယ်(ကျား၊မ)အဖွဲ့၊ ဂေါက်သီးရိုက်အဖွဲ့၊ ကျွမ်းဘားအဖွဲ့၊ ဟော်ကီအဖွဲ့၊ စားပွဲတင်တင်းနစ်အဖွဲ့၊ တင်းနစ်အဖွဲ့နှင့် ဟော်ကီအဖွဲ့တို့ဖြစ်ကြသည်။

(၂၄)ကြိမ်မြောက် အရှေ့တောင် အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာအားကစားအဖွဲ့ဝင်များ ဤသို့ပါဝင်ချီတက်ခဲ့ကြသည်။

နိုင်ငံအလိုက်

၂၀၀၅ခုနှစ် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့သည် ရွှေတံဆိပ် ၁၇ခု၊ ငွေတံဆိပ်၃၄ခု၊ ကြေးတံဆိပ်၄၈ခု စုစုပေါင်းဆုတံဆိပ်၉၉ခုဆွတ်ခူးပြီး နိုင်ငံအလိုက် သတ္တမရရှိခဲ့သည်။

(၂၄)ကြိမ်မြောက် အရှေ့တောင် အာရှ အားကစားပြိုင်ပွဲတွင် မြန်မာ အားကစားအဖွဲ့သည် နိုင်ငံအလိုက် သတ္တမနေ ရာရရှိခဲ့သော်လည်း ဆုတံဆိပ်ရရှိမှုတွင် (၂၃)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲထက် ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်ရှစ်ခု၊ ကြေးတံဆိပ်တစ်ခု စုစုပေါင်းဆုတံဆိပ် ၁၂ခု လျော့နည်းသွားသည်။

(၂၄)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲတွင် မြန်မာ အားကစားအဖွဲ့က ရွှေတံဆိပ်၁၄ခု ရရှိခဲ့သည့်အနက် မြန်မာလှေလှော် အားကစားအဖွဲ့(ကနူး၊ ရိုးရာ၊ အနောက်တိုင်း)က ရွှေတံဆိပ်ခုနစ်ခု ဆွတ်ခူးရရှိပေးခဲ့ရာ အောင်မြင်မှု အရှိဆုံးပင်ဖြစ်သည်။ မြန်မာအားကစားအဖွဲ့အနေဖြင့် ပြိုင်ပွဲမတိုင်မီက မျှော်မှန်းထားသည့် ရွှေတံဆိပ်ဆု အရေအတွက်ကို ရရှိခဲ့ခြင်းမရှိချေ။ ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်မည်ဟု မျှော်လင့်ထင်ကြေးပေးခြင်းခံရသော ပိုက်ကျော်ခြင်းအဖွဲ့၊ ရွက်လှေအဖွဲ့၊ ပြေးခုန်ပစ် အဖွဲ့၊ မြားပစ်အဖွဲ့၊ မွေထိုင်းအဖွဲ့နှင့် အမျိုးသမီးဘောလုံးအသင်းတို့ ရွှေဆုနှင့်လွဲခဲ့ကြသည်။

ဗိုလ်လုပွဲသို့တက်ရောက်

မြန်မာအားကစားအဖွဲ့မှ အမျိုးသား ဘောလုံးအသင်းသည် ရွှေတံဆိပ်ဆု မရရှိခဲ့သော်လည်း ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီး အိမ်ရှင်ထိုင်းအသင်းကို ရှုံးကာ ဒုတိယ ငွေတံဆိပ် ရရှိခဲ့သည်။ ၁၉၉၃ခုနှစ် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီးနောက်ပိုင်း ၁၄နှစ် အကြာတွင် မြန်မာအမျိုးသား ဘောလုံးအသင်း ဗိုလ်လုပွဲသို့ တစ်ကျော့ပြန် တက်ရောက်နိုင်ခြင်းဖြစ်သည်။ ထင်ကြေးပေးခြင်း မခံရသော မြန်မာအမျိုးသား ဘောလုံးအသင်း ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့သော်လည်း ထင်ကြေးပေးခြင်းခံရသည့် မြန်မာအမျိုးသမီးဘောလုံးအသင်း တတိယ ကြေးတံဆိပ်ဆုသာ ရရှိခဲ့သည်။

မြန်မာအားကစားအဖွဲ့ အနက်မှ အားကစားအဖွဲ့အချို့သည် ဗိုလ်လုပွဲတွင် အိမ်ရှင်ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ခဲ့ရသည်ဖြစ်ရာ အမှတ်ပေးစနစ်ဖြင့် ဆုံးဖြတ်သည့် အားကစားနည်းများ၌ ဒိုင်လူကြီးများ၏ တစ်ဖက်အသင်းကို မျက်နှာသာပေးမှုကြောင့် ရွှေတံဆိပ်ဆုရသင့်ပါလျက် လက်လွှတ်ခဲ့ရခြင်းမျိုးလည်း ရှိသည်။

ဆက်လက်ကြိုးပမ်း

မည်သို့ပင်ဖြစ်စေ မြန်မာအားကစားအဖွဲ့အနေဖြင့် ၂၀၀၉ခုနှစ် လာအိုနိုင်ငံ၌ကျင်းပမည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ယခုထက်ပိုမို၍ အောင်မြင်မှု ဆုတံဆိပ်များရရှိရေးအတွက် ဆက်လက် ကြိုးပမ်းသွားကြရမည် ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ဆွတ်ခူးရရှိမှု အခြေအနေ

နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
ထိုင်း	၁၈၃	၁၂၃	၁၀၃	၄၀၉
မလေးရှား	၆၈	၅၂	၉၆	၂၁၆
ဗီယက်နမ်	၆၄	၅၈	၈၂	၂၀၄
အင်ဒိုနီးရှား	၅၆	၆၄	၈၃	၂၀၃
စင်ကာပူ	၄၃	၄၃	၄၁	၁၂၇
ဖိလစ်ပိုင်	၄၁	၉၁	၉၆	၂၂၈
မြန်မာ	၁၄	၂၆	၄၇	၈၇
လာအို	၅	၇	၃၂	၄၄
ကမ္ဘောဒီးယား	၂	၅	၁၁	၁၈
ဘရူနိုင်း	၁	၁	၄	၆

(မြန်မာ့အလင်း)

မြန်မာအားကစား အဖွဲ့အနေဖြင့် ၂၀၀၉ခုနှစ် လာအို နိုင်ငံ၌ ကျင်းပမည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ယခုထက် ပိုမို၍ အောင်မြင်မှု ဆုတံဆိပ်များ ရရှိရေး အတွက် ဆက်လက်ကြိုးပမ်းသွား ကြရမည်။

(၂၄)ကြိမ်မြောက် အရှေ့တောင် အာရှ အားကစားပြိုင်ပွဲပိတ်ပွဲအခမ်းအနားကျင်းပသည့် မြင်ကွင်းကို ဤသို့ တွေ့ရသည်။

အင်းစိန်မြို့နယ် ကြွံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေးသင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၈

ပြည်ထောင်စုကြွံခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အင်းစိန်မြို့နယ်တာဝန်ခံ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် ဒီဇင်ဘာ ၁၅ရက် နံနက် ၉နာရီခွဲက ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ပြည်ထောင်စုကြွံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသည့် အခြေခံစည်းရုံးရေး သင်တန်းအမှတ်စဉ်(၃၁) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ပေးအပ်လူဒါန်း

ထို့နောက် အလူငွေပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်က မြို့နယ်အသင်းအတွက် အလူငွေကျပ်တစ်သိန်းကို ပေးအပ်လူဒါန်းရာ အင်းစိန်မြို့နယ် အသင်းအတွင်းရေးမှူး ဦးတင့်လွင်က လက်ခံသည်။

ယင်းနောက် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုး၊ ရန်ကုန်ထရန်စဖော်မာကုမ္ပဏီ၊ "စိုး" လျှပ်စစ်နှင့် အီလက်ထရွန်နစ်ကုမ္ပဏီနှင့် ခင်မောင်ညွှန့် ကုမ္ပဏီတို့က ငွေကျပ်တစ်သိန်းစီ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး၊ အင်းစိန်မြို့နယ်အုပ်ချုပ်ရေးမှူး၊ အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် (Joy) လေအိုးမီးအိုးရောင်းဝယ်ရေးတို့က ငွေကျပ်ငါးသောင်းစီ၊ ရွာမအရှေ့ရပ်ကွက် ရေပေးဝေရေးကော်မတီနှင့် စဉ်ဋ္ဌရပ်ကွက် အသင်းက ငွေကျပ်နှစ်သောင်းစီတို့ကို တာဝန်ရှိသူများက ပေးအပ်လူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က လက်ခံသည်။

(အပေါ်ပုံ)

ဆက်လက်၍ စော်ဘွားကြီးကုန်း ရပ်ကွက်၊ အောင်ဆန်းရပ်ကွက်၊ နံ့သာကုန်း ရပ်ကွက်၊ ပိန္နဲကုန်းရပ်ကွက်နှင့် တောင်သူကုန်းရပ်ကွက်တို့က အလူငွေကျပ်တစ်သောင်းငါးထောင်စီနှင့်ကြို့ကုန်း (အရှေ့)ရပ်ကွက်၊ ကြို့ကုန်း(အနောက်)ရပ်ကွက်၊ ဖော့ကန်ရပ်ကွက်၊ ကမ်းနား(အလယ်)ရပ်ကွက်နှင့် ကွက်သစ်ရပ်ကွက်တို့မှ ငွေကျပ်တစ်သောင်းစီ တို့ကို တာဝန်ရှိသူများက ပေးအပ်လူဒါန်းကြရာ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်မောင်စိုးက လက်ခံသည်။

လက်ခံ

ထို့နောက် ရွာမ(အနောက်)ရပ်ကွက်မှ ရပ်မိရပ်ဖများဖြစ်သည့် ဦးတင်လှိုင်၊ ဦးကျော်ငွေး၊ ဦးခင်မောင်ဝင်း၊ ဦးခင်လှိုင်၊ ဦးစိုးသိန်း(တိုင်းရင်းဆေး)တို့နှင့် အလှူရှင်များက အလူငွေကျပ်တစ်သောင်းစီတို့ကို ပေးအပ်လူဒါန်းကြရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြွံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်မောင်ဝင်းက လက်ခံသည်။

လူဒါန်းငွေ

အလူငွေ ပေးအပ်ခြင်း အခမ်းအနားတွင် စုစုပေါင်းလူဒါန်းငွေမှာ ငွေကျပ် ၉၆၅၀၀၀ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း တာမွေမြို့နယ် ကျောက်မြောင်း စိတ္တသုခလမ်းနေ ဦးဇော်မင်း-ဒေါ်နွဲ့နွဲ့ဝင်းတို့၏ မင်္ဂလာနှစ်ပတ်လည်နေ့ အထိမ်းအမှတ်နှင့် သားကြီး ကိုသက်ဇော်အောင်၊ သားငယ် ကိုဟိန်းဇော်အောင်တို့၏ မွေးနေ့၊ မွေးလ၊ မွေးရက် အထိမ်းအမှတ် သုံးထပ် ဘိုးဘွားဆောင်သစ် ကြီးအတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လူဒါန်းစဉ်။ (က-ပ)

တရားမဝင် စက်သုံးဆီများ သိမ်းဆည်း

ရန်ကုန် ဒီဇင်ဘာ ၁၈

မင်္ဂလာတောင်ညွှန့်မြို့နယ် သပြေကုန်းရပ်ကွက် မြယာကုန်းလမ်းနှင့် ၁၂၆လမ်းထောင့်တွင် တရားမဝင် စက်သုံးဆီများ ရောင်းချနေကြောင်း သတင်းအရ ဒီဇင်ဘာ၁၃ရက် ညနေ၅နာရီခန့်တွင် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခဲ့ရာ တရားမဝင်စက်သုံးဆီများ ရောင်းချနေသူ သက်မြင့်(ခ) ဂန်ဗား(၂၈)နှစ် (ဘ)ဦးဘလာကျူး အမှတ် ၈၃၄ အောင်သစ္စာလမ်း ရှုခင်းသာ ရပ်ကွက် သာကေတမြို့နယ်၊ ကျော်ကျော်ဦး(ခ)စတင်ဂျေဗီ (၂၀)နှစ် (ဘ) ဦးရာဂျန် သန်လျင်မြို့၊ စောသီဟရွှေ(ခ)သီဟ (၂၀)နှစ် (ဘ) ဦးတင်ရွှေမြောက်ဥက္ကလာပမြို့နယ်ထံမှ ဒီဇယ်ဆီ ၂၅ဂါလန်၊ ဓာတ်ဆီ၃၄ဂါလန်၊ ငွေကျပ် ၅၄၄၀၀ကိုသိမ်းဆည်းရမိခဲ့ပြီး ယင်းနေ့ ညနေ ၅နာရီခွဲအချိန်နှစ်တွင် မင်္ဂလာတောင်ညွှန့်မြို့နယ် သပြေကုန်းရပ်ကွက် သိမ်ဖြူလမ်းမဘေး၌ဝင်ရောက်ရှာဖွေရာ တရားမဝင် စက်သုံးဆီ ရောင်းချနေသူ ကိုဘု(ခ)ဘုရှည် (၂၄)နှစ် (ဘ) ဦးအေးထွန်း အမှတ်(၃၇) ခုနစ်လွှာ ၈၈လမ်း ကန်တော်ကလေးအနောက်ပိုင်းရပ်ကွက် မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ထွန်းထွန်းဝင်း(၂၅)နှစ် (ဘ) ဦးမောင်မောင် (လိပ်စာတူ)၊ သန်းထွန်း(၂၃)နှစ် (ဘ) ဦးထွန်းကျော် (လိပ်စာတူ)တို့ သုံးဦးထံမှ ဒီဇယ်ဆီ ၄၅ဂါလန်၊ ဓာတ်ဆီ ၄၅ဂါလန်နှင့် ငွေကျပ် ၁၇၆၄၀၀ သိမ်းဆည်းရမိခဲ့သည်။ သို့ဖြစ်၍ သက်မြင့်ပါ သုံးဦးအား မင်္ဂလာတောင်ညွှန့် ရဲစခန်းမှ (ပ) သတင်းချက် အမှတ် ၁၀၂၉/၂၀၀၇၊ ကိုဘုပါ သုံးဦးအား (ပ)သတင်းချက် အမှတ် ၁၀၃၀/၂၀၀၇၊ အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေပုဒ်မ ၈(၁)အရ အသီးသီးအမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုပေါင်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးတို့အတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး။

(င) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

ရောဝတီတိုင်း မိခင်/ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၁၈

ရောဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ ဖျာပုံခရိုင်နှင့် မအူပင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော ရှေးဦးကလေးသူငယ်ပြုစု စောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းသို့ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၏ဇနီး ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမော်သည် ဖျာပုံခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ဒီဇင်ဘာ၁၄ရက် နံနက်ပိုင်းက သင်တန်းသူများနှင့် နည်းပြဆရာ ဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထောက်ကူပစ္စည်းများပေးအပ်

အခမ်းအနားတွင် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမော်သည် သင်တန်းသူများအား လုပ်ငန်းဆိုင်ရာများမှာကြားပြီး သင်တန်းသားသင်တန်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၅ဦးတက်ရောက်ခဲ့ကြောင်းနှင့် သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

မော်လမြိုင်ကောလိပ် တက္ကသိုလ် (၁၉၇၅-၇၉)ခုနှစ် သန်ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၈

မော်လမြိုင်ကောလိပ် တက္ကသိုလ် သန်ကျောင်းသားဟောင်းများမှ ပထမအကြိမ် အာစရိယ ပူဇော်ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများတွေ့ဆုံပွဲကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၅ရက် (စနေနေ့) နံနက် ၉နာရီတွင်တက္ကသိုလ်များမှောရုံ(တက္ကသိုလ် ရိပ်သာလမ်း ကမာရွတ်မြို့နယ်)တွင် ကျင်းပရန် စီစဉ်လျက်ရှိသည်။

ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် ဦးတင်ကြူ ဖုန်း-၂၂၄၄၇၈၊ ဦးဝင်းနိုင် ဖုန်း-၀၉-၅၁၀၉၄၄၁၊ ဦးစိုးဦး ဖုန်း-၀၅၄-၄၀၀၈၅၊ ဒေါ်သန်းဆန်းနွယ် ဖုန်း-၀၉-၅၀၁၉၇၃၆၊ ဒေါ်အေးမော် ဖုန်း-၀၉-၅၀၀၃၁၃၇ နှင့် ဒေါ်မြဝင်း ဖုန်း-၅၂၄၄၅၉ တို့သို့ ဆက်သွယ်လူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

လှည့်လည်ပူဇော်

အလုံမြို့နယ် စောရန်ပိုင်တောင် ရပ်ကွက်ရှိမဟာအောင်ဗောဓိဆုတောင်း ပြည့်ဘုရားမှ စတုတ္တအကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒီဇင်ဘာ ၉ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့် ဦးဆောင်မှုဖြင့် မြို့နယ်တွင်းရှိ ရပ်ကွက်(၁၁)ရပ်ကွက်သို့ စည်ကား သိုက်မြိုက်စွာ လှည့်လည်အပူဇော်ခံစဉ်။

(က-ပ)

သန်လျင်မင်းကျောင်းစာသင်တိုက် အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၈

သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ကြီး၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ဩဝါဒခံယူပွဲကို ဒီဇင်ဘာ၂၄ရက်(တနလာနေ့)မွန်းတည့် ၁၂နာရီတွင် ကျောင်းတိုက်မမှာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ မင်းကျောင်းနွယ်ဖွားရဟန်းရှင်လူ တပည့်များ အနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အချိန်မီ ကြွရောက်ကြည်ညို လူဒါန်း ပူဇော်နိုင်ရန် ဖိတ်ကြားနှီးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မရမ်းကုန်း ကမ္ဘာအေး သူရလမ်းအမှတ် (၆၃) နေ ဒေါ်သိန်းသိန်း၏ (၇၅)နှစ်မြောက် မွေးနေ့အဖြစ် ရန်ကင်းပြည်သာယာ (တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက် တတိယအကြိမ် ငွေကျပ် တစ်သိန်းလွှဲဒါန်းပြီး စုစုပေါင်း ငွေကျပ်သုံးသိန်းကို ရွှေပြည်ဟိန်းဆရာတော်ထံ ရေစက်ချလှူဒါန်းရာ မယ်တော်ကြီးဒေါ်အမာက လက်ခံယူစဉ်။ (က-ပ)

ဖလမ်းပြို့နယ် စည်ပင်သန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၁၈

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဖလမ်းမြို့ သန့်ရှင်းသာယာလှပရေးကို အရိုန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာဝရက်က အမှုဆောင်အရာရှိ ဦးထေလာဟရဲကြီးကြပ်မှုဖြင့် မြို့တွင်းလမ်းများ ဝဲယာ သန့်ရှင်းရေး၊ မြို့ဝင်၊ မြို့ထွက် ဆိုင်းဘုတ်များ တောကပသစ်လွင်စေရန် ဆေးသုတ်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။**(ခရိုင် ပြန်/ဆက်)**

သန်လျင်မြို့ ကျက်သရေဆောင် တည်ဆောက်ဆဲမဟာအတုလ သန္ဓမူရုံသိ သာသနာ့ဓိဘာန်တော် ကြီးအထွက်ဦးဆောင်ဖေ-ဒေါ်စိန်ရင်းသား ဦးအုန်းကြိုင်တို့အား ရည်စူး၍ အမှတ် (၅၅) သောက်တော် တွင်းလမ်း၊ သောက် တော်တွင်း ရပ်ကွက် နေ ဒေါ်အုန်းကြည် မိသားစုက အလှူငွေ ကျပ် ၁၂၀၀၀၀၀ကို ဒီဇင်ဘာ၅ရက်က လှူဒါန်းရာ တည်ဆောက်ရေးအုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မိုး(ငြိမ်း)နှင့် တာဝန်ရှိသူများက လက်ခံယူစဉ်။ (ခရိုင် ပြန်/ဆက်)

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ဒီဇင်ဘာ၅ရက်က ဧကျာက် တန်းမြို့ ရေစေးဇေလျက်ရှိသော ဆင်ကန် ရေဧကရံကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမိုးမြင့်ဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အသိပညာဗဟုသုတများ ကြွယ်ဝစေရေးအတွက် စာဖတ်ပွဲရည်ရွယ်ချက်များ ခဲ့ဉာဏ်ဒွဲ့ ရှင်းလင်း

ရန်ကုန် ဒီဇင်ဘာ ၁၈

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ဒီဇင်ဘာလကို စာဖတ်ပွဲလအဖြစ် သတ်မှတ်၍ မြို့နယ်အတွင်း ဘုရေနတ်ပို့၌ စာဖတ်ပွဲများကျင်းပကာ ကျေးလက်ပြည်သူများ စာဖတ်ရှုနိုင်မြင့်မား၍ အတွေးအခေါ် အသိပညာဗဟုသုတများ ကြွယ်ဝစေပြီး စာဖတ်သူတိုးပွားရေး ဦးတည်ချက်တို့ဖြင့် ကွင်းဆင်း ဆောင်ရွက်လျက်ရှိရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးဖြင့်နှင့် ဝန်ထမ်းများသည် ဒီဇင်ဘာ၇ရက် မွန်းလွဲဘုရင်ဂန စာဖတ်ပွဲကို စဉ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရွေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်/သံ(၃) ဦးဝင်းမောင်က နိဒါန်းပြောကြားပြီး စာဖတ်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်/သံ(၃) ဦးဝင်းမောင်က နိဒါန်းတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့် မူများ အခန်း(၁) နိုင်ငံတော်အခြေခံမူများအခန်းကို လည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် အလယ်တန်းပြဆရာမ ဒေါ်စောစောနွယ်က အခန်း(၂) နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းကို လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးဖြင့်က စာဖတ်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်/သံ(၃) ဦးဝင်းမောင်က နိဒါန်းတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့် မူများ အခန်း(၁) နိုင်ငံတော်အခြေခံမူများအခန်းကို လည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် အလယ်တန်းပြဆရာမ ဒေါ်စောစောနွယ်က အခန်း(၂) နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းကို လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်က စာဖတ်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်/သံ(၂) ဦးဝင်းမောင်က နိဒါန်းတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့် မူများ အခန်း(၁) နိုင်ငံတော်အခြေခံမူများအခန်းကို လည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် အလယ်တန်းပြဆရာမ ဒေါ်စောစောနွယ်က အခန်း(၂) နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အခန်းကို လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်က စာဖတ်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အခန်းကို လည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်သောင်းသောင်းအေးက အခန်း(၃) နိုင်ငံတော်အကြီးအကဲများ အခန်းနှင့် စာကြည့်တိုက် လက်ထောက်(၃) ဒေါ်ထွန်းစန္ဒာလင်းက ဒို့ကျေးရွာဂျာနယ်မှ စာတည်းမှူး၏ လှိုင်းနှင့်လေ ခေါင်းကြီးကို လည်းကောင်း ဖတ်ကြားကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများကောင်းမွန်ရေးအတွက် ပြည်တော်သာလမ်း တစ်ဖက်လျှင် လေးပေစီ လမ်းချဲ့၍ ကတ္တရာထပ်ဖိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးတင်နေ့နှင့် လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဦးကျော်နိုင်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်များပွင့်လှစ်ပြီးစီးမှုနှင့် အကျိုးကျေးဇူးရှင်းလင်း

ရန်ကုန် ဒီဇင်ဘာ ၁၈

မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် တံခါးမကျေးရွာအုပ်စုလုံးကျွတ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်းအခမ်းအနားကို နိဝင်ဘာ ၂၃ ရက်က ရွာပုကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဆောင်မျိုးလွင်က အဖွင့်အမှာစကား ပြောကြားပြီး စာအုပ်နှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ မြို့နယ် မိခင်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်ကြည်က စာကြည့်တိုက် ဆိုင်ရာများ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်ညွှန်ကြားရေးမှူး ဒေါ်အကြူက စာကြည့်တိုက်မှရရှိသော အကျိုးကျေးဇူးများကို ရှင်းလင်း ပြောကြားပြီး စာအုပ်နှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုချိုဝင်းက ရွာပုကျေးရွာ စာကြည့်တိုက်အတွက် အလှူငွေကျပ်တစ်သောင်း တစ်ထောင်နှင့် အလှူရှင်များက စာအုပ်များ ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌ၊ စာကြည့်တိုက်မှူးနှင့် တာဝန်ရှိသူများက လက်ခံယူကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မာလာဟေဝန်မြို့ငယ်နန်းတွင်း ပန်းအလှပင်များ ဖူးပွင့်မှုနှင့် ပန်းပင်များပုံဖော်ထားမှုကို နိဝင်ဘာ ၂၅ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်နှင့် အင်ဂျင်နီယာမှူး ဦးကျော်သူအောင်တို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်ခင်မာလာက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြောက်ဥက္ကလာပမြို့နယ်၌ ဓာတ်ဝိုင်းဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၁၈

မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် စာကြည့်တိုက်များ ရှင်သန်နိုင်မာရေး၊ စာဖတ်ပုံပြဲပွဲ၊ ဟောပြောပွဲနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် မူများ ရှင်းလင်းပွဲတို့ နိဝင်ဘာ၂၁ရက် နံနက်၁၀နာရီက (ဃ)ရပ်ကွက် ပိဇ္ဇာ/သိပ္ပံ စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်က စာကြည့်တိုက်များ ရှင်သန်နိုင်မာရေး၊ စာအုပ်စာစောင်တိုးပွားရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရန် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့် မူများအကြောင်း ရှင်းလင်း ပြောကြားသည်။ **(ယာဉ်)**

ဆက်လက်၍ နိုင်ငံတော် အခြေခံမူများ၊ နိုင်ငံတော်၏ ဦးတည်ချက်နှင့် စပ်လျဉ်း၍ အခြေခံရမည့် မူများကို ပြည်ထောင်စုကြိုခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ဒေါ်မြင့်မြင့်က ဖတ်ကြားသည်။

ထို့နောက် ဖတ်ကြားသည့် အခြေခံမူများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှုများကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်က ပြန်လည်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သာသနာ့အာဇာနည် ဂုဏ်ပြုပူဇော်

ရန်ကုန် ဒီဇင်ဘာ ၁၈

ပျော်ဘွယ်မြို့ မြို့နယ်ဦး စာသင်တိုက် ကထိန်အလှူတော်မင်္ဂလာနှင့် ခုနစ်ဘွဲ့ရ သာသနာ့အာဇာနည် အရှင် ဓမ္မနိန္ဒာလင်္ကာရအား ဂုဏ်ပြုပူဇော်ပွဲကို နိဝင်ဘာ ၂၅ ရက်က ကျောင်းတိုက် ဓမ္မာရုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဦး စာသင်တိုက်ရှိ သံဃာတော် အပါး ၁၂၀ကျော်အား ကထိန်သင်္ကန်းများ ဆက်ကပ်ကြပြီး တောင်ကြီးမြို့ သိမ်တောင် ပရိယတ္တိ စာသင်တိုက်နှင့် ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံ ကျောင်း တိုက်ခ်ဲ့ စာပေသင်ကြား ပို့ချလျက်ရှိပြီး ဘွဲ့ခုနစ်ဘွဲ့ရ သာသနာဇ ဓမ္မာစရိယ ဘွဲ့ရရှိသော ဓမ္မော်ဘွယ်မြို့နယ်သဘွတ် ကုန်းရွာဇာတိ အရှင်မုနိန္ဒာလင်္ကာရအား ဂုဏာပူဇာမင်္ဂလာ ဆင်ယင်ကျင်းပကြသည်။ **(၂၅၀)**

ပြူးပြို့၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

ရန်ကုန် ဒီဇင်ဘာ ၁၈

အမျိုးသားကာကွယ်ဆေး တိုက်ကျွေးနေ့များ(၂၀၀၇) ဒုတိယအကြိမ် အသက် ငါးနှစ်အောက်ကလေးငယ်များအား ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးခြင်းကို ဒီဇင်ဘာ ၃ ရက် နံနက် ၇ နာရီမှစ၍ ဖြူးမြို့နယ် ဧယျဝတီရဲစခန်းမှစ၍ ကျင်းပရာ ဧယျဝတီတိုက်နယ် ဆေးရုံတာဝန်ခံ ဆရာဝန် ဒေါက်တာမြတ်သူဝင်း ဦးဆောင်၍ ဖြူးမြို့နယ်ရဲစခန်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်သော်၊ ဧယျဝတီရဲစခန်း စခန်းမှူး၏ ဇနီးဒေါ်ခင်ငင်းနှင့် ရဲတပ်ဖွဲ့ဝင်များက ဧယျဝတီမြို့သစ် ရပ်ကွက်နှင့် ဒီမိုရပ်ကွက်တို့မှ ဝင်းနှစ်အောက်ရင်သွေးငယ် ၂၀၅ ဦးတို့အား ကာကွယ်ဆေးများ တိုက်ကျွေးကြကြောင်း သိရသည်။ **(၂၈၄)**

ကျောက်တံခါးမြို့ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ လှည့်လည်အပူဇော်ခံပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်က ဗိုလ်ချုပ်လမ်းရှိ ပညာ့အလင်း ဓေတ်မီစာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်နှင့် ပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်အေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဟိုမိန်း၌ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆွေးနွေး ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမှုများ ဆောင်ရွက်

လင်းခေး ဒီဇင်ဘာ ၁၀

လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်သည် ကျန်းမာရေးဌာနမှ ဒေါက်တာမြင့်သိန်း၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်စိုးဝင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာ ဦးသန်းညိုဝင်းနှင့် ဟိုမိန်းမြို့ဥက္ကဋ္ဌ ဦးကျော်ဇေယျတို့ လိုက်ပါ၍ နိုဝင်ဘာ ၁၅ ရက်က ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဟိုမိန်းမြို့သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ခိုလုံကျေးရွာတွင် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် နိုဝင်ဘာ ၁၆ ရက်ကတွေ့ဆုံ၍ ဒေသတိုးတက်ဖွံ့ဖြိုးရေးဆွေးနွေးပြီး ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးသည်။ **(အောက်ပုံ)** ဆက်လက်၍ နိုဝင်ဘာ ၁၇ ရက်တွင် နောင်လိုင်နှင့်နောင်အောရွာသို့ ရောက်ရှိခဲ့ကြပြီး ဆေးဝါးကုသပေးကြသည်။

မှာကြား

ယင်းနောက် နိုဝင်ဘာ ၁၈ ရက်တွင် နားမွန်းလုံရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

(ခရိုင် ပြန်/ဆက်)

ကျောက်ဆည်မြို့နယ် ကြောင်းပန်းကုန်းကျေးရွာ စက်ရေတွင်း ပြင်ဆင်ထိန်းသိမ်းရန်နှင့် ကျေးရွာမီးလင်းရေးဆောင်ရွက်ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးမျိုးသိန်းနှင့်လက်ထောက် အင်ဂျင်နီယာ(စက်မှု)ဦးရွှေထွန်းတို့ နိုဝင်ဘာ၁၈ရက်က ကျေးရွာ ရေကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

မြင်းမူမြို့နယ် ပြန်/ဆက် ဦးစီးဌာနဝန်ထမ်းများ စာကြည့်တိုက်ရေရှည်တည်တံ့ရေး ဆွေးနွေး

မြင်းမူ ဒီဇင်ဘာ ၆

စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် အမျိုးသားညီလာခံက ချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ ဖတ်ကြားရှင်းလင်းပွဲနှင့် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေးပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီက မြင်းမူမြို့နယ် စံတင်ကင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း သာသနာ့မာမကဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ စံတင်ကင်းကျေးရွာ ဥက္ကဋ္ဌ ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး ဓာတ်ပုံကျွမ်းကျင်(၂) ဦးတင်ဝင်းက ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဆွေးနွေးပြီး မြို့နယ်ဦးစီးမှူး ဦးညိုအုန်းက အမျိုးသားညီလာခံက ချမှတ်ခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ဖတ်ကြားရှင်းလင်းသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်ရေးအတွက် စည်ပင်သာယာရေးဦးစီးဌာနပိုင် တွင်းတူးစက်ယန္တရားယာဉ်ဖြင့် မြို့သစ်ရပ်ကွက်တွင် ဆောင်ရွက်ရာ နိုဝင်ဘာ ၁၂ ရက်က ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်သန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးထွန်းထွန်းဇော်တို့ မြေနေရာရွေးချယ်ဆောင်ရွက်မှုကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရွှေတောင်၌ စာဖတ်ပိုင်းဆွေးနွေး

ရွှေတောင် ဒီဇင်ဘာ ၁၀

ပြည်ခရိုင် ရွှေတောင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ နိုဝင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက ရုပ်မြင်သံကြား ပြသခန်း၌ စာဖတ်ပိုင်းဆွေးနွေးပွဲကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ဦးစီးမှူး ဦးလှမျိုးအောင်က စာဖတ်ပိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် စာဖတ်ခြင်း အကျိုးကျေးဇူးများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက်ဓာတ်ပုံကျွမ်းကျင် (၂) ဦးကိုကိုမင်းက နိုဝင်ဘာ ၂၆ ရက်ထုတ် သတင်းစာ ခေါင်းကြီးပိုင်း၊ ရုပ်သံကျွမ်းကျင်(၃) ဦးသိန်းဆွေက အောက်တိုဘာ ၂၀ ရက်နှင့် ၂၁ ရက်ထုတ် ဆောင်းပါးရှင် ချမ်းမြအေး၏ မျှော်လင့်လျက်ပါ အန်တီစု (သို့မဟုတ်) သားရွှေအိုးထမ်းသည်ကိုသာ မြင်လိုသည် ဆောင်းပါးနှင့် စာထောက် (၃) ဒေါ်ဆွေဆွေအောင်က စာရေးဆရာ ချစ်နိုင် (စိတ်ပညာ)၏ အကြီးအမှူး ဖြစ်စေတတ်သော စာအုပ်မှ စည်းကမ်းရှိမှ ဆောင်းပါးတို့ကို ဖတ်ကြားကြရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လမ်းတံတားနှင့် ရေပေးရေးဆောင်ရွက်

ရေစကြို ဒီဇင်ဘာ ၂

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ထွန်းနှင့်အဖွဲ့သည် ရေစကြိုမြို့နယ် စည်ပင်သာယာရေးရုံး ခန်းမဆောင်သို့ နိုဝင်ဘာ ၂၁ ရက်က ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည့် ရုံးလုပ်ငန်းများ ဆွေးနွေးသည်။

ထို့နောက် ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်လျက်ရှိသော မြို့ပြ ကျေးလက်လမ်းတံတားလုပ်ငန်းများ၊ မြို့ရေပေးရေးလုပ်ငန်းများ၊ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများနှင့် စည်ပင်သာယာရေးအဖွဲ့ပိုင် နံ့သာဟေဝန် ပန်းခြံအတွင်း မြေယာရှုခင်းဆောင်ရွက်မှုများကို ကွင်းဆင်းစစ်ဆေးရာ ဦးဆောင်အရာရှိ ဦးဇော်ဖြိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးသက်တို့က ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **(၂၅၁)**

နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ဗိုလ်ချုပ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်မှု ကိုဒီဇင်ဘာ၃ရက်က အမှုဆောင် အရာရှိ ဦးသန်းဦးနှင့်တာဝန်ခံ အင်ဂျင်နီယာဦးဉာဏ်စိုးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ခုနှစ်
နတ်တော်လဆန်း ၁၁ ရက်
၂၀-၁၂-၂၀၀၇
(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ရေတာရှည်မြို့နယ် သစ်တော ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ)

၁၁:၃၅ စာအုပ်စာပေ လူ့မိတ်ဆွေ
(၁) မရဏနသတိဘာဝနာနှင့် ဘာဝနာပွားများနည်း (မျှောစရိယ ဦးအေးနိုင်-ဘီအေ)
(၂) မြန်မာစကား၊ မြန်မာစာ၊ မြန်မာစာပေ (ဦးဝမ်ထိန်)

၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (ကြွက်များတွင် ဗီဇပြောင်းလဲစမ်းသပ်မှုအကြောင်း-မောင်ဆုရှင်)

၁၂:၃၀ အစာနှင့် အာဟာရ (မန္တလေးကြာဆံချက်)

၁၂:၄၀ ကျန်းမာရေးရာ ပြန်ကြားလွှာ

ညနေပိုင်း

၁၆:၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၅ ထူးဆန်းထွေလာ သတင်းပဒေသာ

၁၈:၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) အချစ်ဆုံးရယ် နားလည်ပါ (တက္ကသိုလ်လဲ့လဲ့)
(၂) ခွင့်လွှတ်ရင်းနဲ့ နှစ်သိမ့်ပါမယ် (မျိုးမြင့်လေး)

၁၈:၄၀ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)

၁၉:၁၅ ဓာတ်လမ်းပမာနားဆင်စရာ (အခုတော့သိပြီ)

၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ကြင်သူမေ့လျှင် ခက်ချေမည် (အေဝမ်းတင်တင်လှ)
(၂) နာမည်တူတောင်မုန်းချင်တယ် (ကိုတင်ဝင်း)
(၃) တမ်းတမိလေ လွမ်းရလေ (လှမြင့်ဝင်း)

အာရှအလင်းရောင် ဇီဝိတဒါန ဆေးခန်းဖွင့်

ပြင်ဦးလွင် ဒီဇင်ဘာ ၁၀

ပြင်ဦးလွင်မြို့နယ် ကံကြီးကုန်းကျေးရွာတွင် အာရှအလင်းရောင် ပရိယတ္တိစာသင်တိုက်ပခာနနာယကဆရာတော် ဘဒ္ဒန္တစိန္တိတ ဦးစီးသော အာရှအလင်းရောင် ဇီဝိတဒါန ဆေးခန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ရက်က ကျင်းပသည်။

အခမ်းအနားတွင် အလင်းရောင်ဆရာတော်က ဇီဝိတဒါန ဆေးခန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို မိန့်ကြားပြီး အလှူရှင် အမရပူရမြို့ သရဖူမွေးမြူရေး ဆေးဆိုင် ကွမ်းသီးတန်းမှ ဒေါက်တာသန်းထွန်းက ငွေကျပ်ငါးသိန်း**(ဝဲပုံ)**၊ ဦးသန်းထိုက်-ဒေါ်မေဇီဇော်က ငွေကျပ်တစ်သိန်း၊ ပြင်ဦးလွင်အမှတ်(၁) သံမဏိစက်ရုံ အထွေထွေမန်နေဂျာ ဦးစောမိုးမြင့်က ငွေကျပ်ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

အာရှအလင်းရောင် ဇီဝိတဒါနဆေးခန်းကို ကံကြီးကုန်းကျေးရွာ ဦးကျော်ဒွန်း-ဒေါ်လှလှဝင်းနေအိမ်၌ နေ့စဉ် ညနေ၄နာရီမှ ည၈နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပိန်းဇလုပ် သုမမွာရာမပရိယတ္တိစာသင်တိုက်အတွင်းရှိ ပြုပြင်ဆောက်လုပ်ဆဲ သုဝဏ္ဏဝတီရွှေကျောင်းတော်ကြီးအတွက် ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ၁၇၀(အေ) ၃၈လမ်းနေဖခင်ကြီး ဦးမောင်တင်၊ မိခင်ကြီးဒေါ်လှမြိုင်နှင့် ခင်ပွန်းဗိုလ်ကြီးဟန်ကြည်၊ သား မောင်သန်းဇော်ဝင်းတို့အား ရည်စူး၍ မိခင်ဒေါ်အုံးကြည်၊ သား ဒုတိယဗိုလ်မှူးကြီး အောင်ခိုင်-ဒေါ်စန်းစန်းမြင့်၊ ဒေါက်တာဘိုမြင့်-ဒေါ်စန်းစန်းထွေး၊ ဦးကျော်မြင့်ဝင်း-ဒေါ်သန်းသန်းလွင်၊ ဦးသန်းထွန်းဝင်း-ဒေါ်သီတာ၊ ဦးဇော်မျိုးလွင်-ဒေါ်ထူးထူးကြည်၊ ဦးတင်လှိုင်(အမေ့အိမ်စာပေ)-ဒေါ်ထားထားကြည်၊ ဦးဇော်မြင့်ဝင်းနှင့် သားသမီး၊ မြေးတစ်စုတို့က ငွေကျပ်သုံးသိန်းကို ပခာနဆရာတော် ဦးဥတ္တမသာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အမျိုးသားနေ့ စာစီစာကုံးပြိုင်ပွဲ ဟိုပန်၌ ဆုပေးအပ်ချီးမြှင့်

ဟိုပန် ဒီဇင်ဘာ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့နယ်တွင် (၈၇)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို ဒီဇင်ဘာ၄ရက် နံနက်၈နာရီက အထက(စောမဟာ)ခန်းမ၌ ကျင်းပသည်။

ဖတ်ကြား

ရှေးဦးစွာ ကျောင်းသားကျောင်းသူများက ပြည်မြန်မာအဖွင့်သီချင်းဖြင့် သီဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ထွေးက (၈၇)နှစ်မြောက်အမျိုးသားနေ့သဝဏ်လွှာကို ဖတ်ကြားတင်ပြသည်။

ဆုချီးမြှင့်

ဆက်လက်၍ (၈၇)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့်အလိုက် ဆုရကျောင်းသားကျောင်းသူများအား စေတနာရှင်များက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကင်း ပြည်သာယာ (တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် ဘီးတပ် လက်တွန်းထိုင်ခုံနှင့် လက်ကိုင်ဒေါက် ဆေးပစ္စည်းအစုံကို ဗဟန်း ဆရာစံမြောက်အရှေ့ရပ်ကွက် ခေမာလမ်း အမှတ် ၂၀ နေ မိခင်ကြီး ဒေါ်ခင်သန်းအားရည်စူး၍ ကျန်ရစ်သူ သားသမီး များက လှူဒါန်းရာ ရွှေပြည်ဟိန်း ဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည် ချီးမြှင့်စဉ်။ (၁၁၅)

နေပြည်တော် ပျဉ်းမနား အထက(၁) ကျောင်းသားဟောင်းများ အစရိယပူဇော်

နေပြည်တော်ပျဉ်းမနား ဒီဇင်ဘာ ၁၀

နှစ်စဉ်အမျိုးသားနေ့တွင် ကျင်းပမြဖြစ်သော နေပြည်တော်ပျဉ်းမနား အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းသားဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ၇ရက်က နေပြည်တော်ပျဉ်းမနား ရွှေချီရပ်ရှိ ကျောင်းသားဟောင်း ဦးတာတာမြင့် နေအိမ်တွင် ကျင်းပရာ ကန်တော့ခံ ဆရာမကြီး ဒေါ်ခင်စိန်(၉၀)၊ ဆရာကြီး ဦးကျော်တင့်(၈၈)နှစ်၊ ဆရာဦးညွှန့်မောင်(၇၈)နှစ်နှင့် ကျောင်းသားဟောင်းများ တက်ရောက်ကြသည်။

ဆုံးမသြဝါဒ

အာစရိယပူဇော်ပွဲတွင် ကျောင်းသားဟောင်း ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေး အဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦးနှင့် နေပြည်တော် ပျဉ်းမနား အသင်း(ရန်ကုန်)မှ အမှုဆောင်များ၊ ကျောင်းသားဟောင်းများက ဆရာ၊ ဆရာမကြီးသုံးဦးတို့အား ပူဇော်ကန်တော့ကြရာ **(ဝဲပုံ)** ဆရာကြီး ဦးကျော်တင့်က ဆုံးမသြဝါဒစကား ပြန်လည်ပြောကြားသည်။ **(က-ပ)**

တံတားဦး ရွှေမေတ္တာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

တံတားဦး ဒီဇင်ဘာ ၅

တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးပြီး ချောင်းဆုံကျေးရွာ ရွှေမေတ္တာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို နိုဝင်ဘာ ၂၁ရက် နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဘိုမောင်နှင့် ကျေးရွာဥက္ကဋ္ဌဦးဌေးညွှန့်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရည်ရွယ်ချက်

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျေးရွာဥက္ကဋ္ဌကအမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များနှင့် စာကြည့်တိုက် ရှင်သန် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုကြွံခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဦးမြင့်ငွေက နိုင်ငံတော်၏ တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုများကို ရှင်းလင်းပြောကြားပြီး ကျေးရွာ စာကြည့်တိုက်သို့ ငွေပဒေသာပင် ငွေကျပ်၅၀၀၀၀ စိုက်ထူလှူဒါန်းရာ မြို့နယ်ဦးစီးမှူးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေဖြင့်ဆောင်ရွက်သော အောင်ဩဘာ(၁၈)လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းခွင်ကို နိုဝင်ဘာ၁၂ရက်က အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အောင်မြေသာစံ၌ စုပေါင်းကထိန်သင်္ကန်းဆက်ကပ်

မန္တလေး ဒီဇင်ဘာ ၄

(၉)ကြိမ်မြောက် မန္တလေးအောင်မြေသာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စုပေါင်းမဟာဘုံကထိန်ကို နိုဝင်ဘာ ၂၇ရက် နံနက် ၉ နာရီက ၈၆လမ်း ပြည်ကြီးရန်လုံရပ်ဂူကြီးကျောင်းတိုက် ရွှေနှင်းဆီအုဋ်ကျောင်း၌ ကျင်းပသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ဆရာတော်ထံမှဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်နှင့်သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ် ချီးမြှင့်တော်မူပြီး ကထိန်သင်္ကန်းကို ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဆက်ကပ် လှူဒါန်းရာ ဆရာတော်က သာဓုအနုမောဒနာတရားနှင့်ရေစက်ချတရား ချီးမြှင့်တော်မူကြောင်း သိရသည်။ **(၁၆၂)**

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော်တပ်ကုန်း ဒီဇင်ဘာ ၈

နေပြည်တော်တပ်ကုန်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးတင်ထူးနှင့် ရပ်/သံကျွမ်းကျင်(၃) ဦးသိန်းဌေးတို့သည် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ချောင်းခြားကျေးရွာ၊ ကြက်သွန်ခင်းကျေးရွာနှင့် ဥယျာဉ်ကျေးရွာများသို့ နိုဝင်ဘာ ၂၀ရက်က သွားရောက်ပြီး ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအဖွဲ့အစည်းဝင်များနှင့်တွေ့ဆုံကာ စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ ခိုင်မာသည့် စာကြည့်တိုက် အင်္ဂါရပ် ငါးရပ်နှင့်အညီ ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး၊ အဆောက်အအုံဆောက်လုပ်ရေးတို့ကို ဆွေးနွေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မှော်ဘီမြို့နယ် နှောကုန်းကျေးရွာအုပ်စု နှောကုန်းကျေးရွာ ကိုယ့်အား ကိုယ်ကိုးစာ ကြည့် တိုက် အဆောက်အအုံသစ်နှင့်ကျေးလက်ဆေး ပေး ခန်းအဆောက်အအုံသစ် ဖွင့် ပွဲ ကို ဒီဇင်ဘာ၉ရက်က ကျင်းပရာ မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဒေါ်ခင်ခင်ရီ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာဦး၊ မြို့နယ် ပြည်ထောင်စုကြွံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးလှဦး၊ အလှူရှင် ဝေါလ်ဗွီးရှင်းမြန်မာမှ ဦးစောသိုးဖိုးထူးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျောင်းကုန်း၌ အသိပညာပေး စာဖတ်ဝိုင်းဆွေးနွေး

ကျောင်းကုန်း ဒီဇင်ဘာ ၁၄

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် လက်ဆင့်ကမ်းအသိပညာပေးစာဖတ်ဝိုင်းကို ဒီဇင်ဘာ ၁၁ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ကျေးရွာအုပ်စု ၄၁၀မှ ကျေးရွာဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါ စာဖတ်ဝိုင်းတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အကြောင်း ရှင်းလင်းဆွေးနွေးပြီး မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းစိန်က အမျိုးသားညီလာခံမှ ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများ အကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေး

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှပိုမိုက စိုးမြကျော်၏ အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဌာန်၊ ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရခေါင်းစဉ်ပါ အကြောင်းအရာများကို ဖတ်ကြားဆွေးနွေးကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ဆက်ကပ်လှူဒါန်း

ရန်ကုန်တိုင်း သာကေတမြို့နယ် (၇)ရပ်ကွက် ဇိနမာရ်အောင် စေတီအနီး မိုးကုတ်ဝိပဿနာသုညတမ္မကျောင်းတိုက်အတွင်းအဂ္ဂမဓမ္မကျောင်းသုံးထပ်ဆောင် မတည်အလှူရှင်များဖြစ်ကြသော ဦးဘသန်းညွန့်-ဒေါ်ခင်သက်နွယ် မိသားစုက အလှူငွေကျပ်တစ်သိန်းကို သုညတမ္မဆရာတော် ဦးစန္ဒသေနထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ခရိုင်ချင်းဆက်လမ်း

အရာတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရွှေဘို-မုံရွာ ခရိုင်ချင်းဆက်လမ်း (အရာတော်မြို့နယ်အပိုင်း) မြေသားလမ်းကို စက်ယန္တရားများဖြင့် ပုံဖော်ဆောင်ရွက်ရာသို့ နိုဝင်ဘာ ၁၀ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အမှုဆောင်အရာရှိ ဦးသိန်းမင်းတို့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးသင်းအောင်က ရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက် အဆိုပြုလွှာများတင်သွင်းရန်
ကြေညာချက်(၆/၂၀၀၇)
ရန်ကုန်မြို့၊ ၁၃၆၉ခုနှစ် နတ်တော်လဆန်း ၈ ရက်
(၂၀၀၇ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း/ကျောက်မျက် လုပ်ကွက်များအနက်မှ ၂၀၀၈ခုနှစ် (ဖေဖော်ဝါရီ၊ မတ်)လများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များ၊ လစ်လပ် သတ်မှတ်လုပ်ကွက်များ၊ လစ်လပ် ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့် အညီ နိုင်ငံသား ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များ ထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လုပ်ကွက်များ အဆိုပြုလျှောက်ထားသော ကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေး၊ ကြေးရေး အထောက်အထားများ ခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်)နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement)ကို ပူးတွဲတင်ပြ လျှောက်ထားရမည်ဖြစ်ပါသည်။

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာများထုတ်ယူခြင်း။** အဆိုပြုလွှာ တင်သွင်းလိုသူများသည် ၂၀၀၇ခုနှစ် ဒီဇင်ဘာလ၁၉ရက်မှစ၍ အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများ ထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ (မကလ-၂) နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ(မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁)တို့တွင်လည်းကောင်း၊ လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင် ချိတ်ထိုးပြီး ၂၀၀၇ခုနှစ် ဒီဇင်ဘာလ ၁၉ရက်မှ ၂၀၀၈ခုနှစ် ဇန်နဝါရီလ ၁၇ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း (ရုံးချုပ်)၊ အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ အာမခံစပေါ်ငွေ(Deposit)ပေးသွင်းခြင်း၊ ဒဏ်ကြေးငွေသတ်မှတ်ခြင်း၊ လုပ်ကွက်လျှောက်ထားခွင့်ပိတ်ပင်ခြင်းများကို ယခင်ကြေညာချက်များအတိုင်း သတ်မှတ်ထားရှိပါသည်။

၅။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ ရန်ကုန်မြို့တွင်လည်းကောင်း၊ မိုးကုတ်နှင့် လုံးခင်းတွင် အခြေပြုသည့်ကျောက်မျက်/ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ခန္တီးနှင့် မိုင်းရှူး/လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်း စခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ။

အောင်ဇမ္ဗူ သွားနှင့်ခံတွင်းအထူးကုဆေးခန်း

ယုဇနပလာဇာစာရွှေဘွင် (၂၈-၁၂-၂၀၀၇)ရက်မှစ၍ စတင်ဖွင့်လှစ်လိုက်ပါပြီ။

ပါမောက္ခဆရာဝန်ကြီးနှင့် ဝါရင့်သွားဆရာဝန်များဖြင့် သွားနှင့်ခံတွင်းရောဂါကုသမှု အမျိုးမျိုးကို ကုသပေးနေပါပြီ။

စတင်ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် ဇန်နဝါရီလကုန်အထိ အထူးသက်သာသော ဈေးနှုန်းဖြင့် ကုသပေးနေပါပြီ။

အမှတ်(၂၀၁)(A2)၊ ပထမထပ်၊ ဗညားဒလလမ်း၊ ယုဇနပလာဇာ ရွှေ့ တာမွေမြို့နယ်

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၂၁၈၄ ဟွန်ဒါ ဒရင်းမ်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဇော်အောင် မှတ်ပုံတင်အမှတ် ၁/မမန(နိုင်) ၀၀၀၃၁၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ဗန်းမော်မြို့)။**

ရောင်းရန်ကြော်ငြာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်-၄၈

ဘဏ်ခွဲမန်နေဂျာ **နှင့်** ၁။ ဦးညီပု
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်မိမိတင်
ဝမ်းတွင်းမြို့။

တရားနိုင် **တရားရှုံး**

၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ် ၁၇၂တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၇ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ခုနှစ် တပို့တွဲလဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့ အမှတ်(၂)ရပ်ကွက်၊ ကွင်းအမှတ် ၁၄၆၈၊ ဦးပိုင်အမှတ် ၃၅/၃၉၊မြေကွက်အမှတ် (၁၂၅/၁၂၆)၊(၁၂၆/၂၄၆)၊ဧရိယာ ၁ဒသမ၃၈ဧကရှိမြေ။

၁။ ယင်းမြေပေါ်ရှိ (၁၀၈x၉၀)ပေ၊ သွပ်မိုး၊ အုတ်ကာ၊ စက်ရုံ။
၂။ (၄၀ x၃၂)ပေ ရက်ကန်းစက်ရုံ။
၃။ (၄၀ x၂၀)ပေ အုတ်ကာဂိုဒေါင်။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၇၀၀။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

လေးလေးမွန်
တွဲဖက်တိုင်းတရားသူကြီး(၄)
မန္တလေးတိုင်းတရားရုံး။

သူလိုကိုယ်လိုနေရင် သူလိုကိုယ်လိုပဲဖြစ်မယ်။

အရှင်ဆန္ဒာဓိက
ရွှေပါရမီတောရ

ထူးမှထူး

ထွက်ပြီ

☎ ၂၂၆၅၀၀၊ ၂၁၀၄၆၂

ရောင်းရန်ကြော်ငြာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)၊ မိတ္ထီလာခရိုင်တရားရုံး
၂၀၀၇ခုနှစ် တရားမဇာရီမှုအမှတ်(၁၄၂/အမ်/၀၇)

ဘဏ်ခွဲမန်နေဂျာ **နှင့်** ၁။ ဦးအောင်ကြည်
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်တင်မြ
ဝမ်းတွင်းမြို့။

တရားနိုင် **တရားရှုံး**

၂၀၀၂ခုနှစ် တရားမကြီးမှုအမှတ်-၃၈၁တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၂၄ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ခုနှစ် ပြာသိုလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့ အမှတ်(၂)ရပ်ကွက်၊ ကွင်း(၁၄၆၈)၊ ဦးပိုင်(၁/၆၀)၊ မြေကွက်(၂/၃၅၅)၊ဧရိယာ၀ဒသမ၀၉ဧကရှိမြေ၊ ယင်းမြေပေါ်ရှိ (၃၀x၃၀)ပေ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ လူနေတစ်ထပ်တိုက်(၁၈x၉)ပေ သွပ်မိုး၊လေးလက်မခွဲအုတ်ကာ၊ ကွန်ကရစ်ခင်း ဂိုဒေါင်၊ (၂၄x၁၆)ပေ သွပ်မိုးနှစ်ထပ်တိုက်၊ လေးလက်မခွဲ အုတ်ထုကာ၊ လျှာထိုးခင်း၊ ကွန်ကရစ်ခင်း၊ ပလက်ဖောင်း (၆၀x၂၀ပေ)၊ (၁၀x၈x၄)ပေရေစင်။ **လေလံကြမ်းခင်းဈေး ကျပ်၆၅သိန်း။**

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန် ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ခုနှစ် ဒီဇင်ဘာ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်စန်းမြင့်
ဒုတိယခရိုင်တရားသူကြီး(၂)
မိတ္ထီလာခရိုင်တရားရုံး။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးမောင်မောင်ဝင်း၏ နိုင်ငံကူးလက်မှတ်အမှတ်-၆၁၇၇၃၉ သည် ခရီးသွားစဉ် ကျပျောက်သွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပေးပါရန်။ **ဖုန်း-၃၈၉၆၅၂။**

မီး
သတိပြု

ကြော်ငြာစာ
(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
ရန်ကုန်တိုင်းတရားရုံးတော်၌
၂၀၀၇ ခုနှစ် တရားမအထွေထွေမှုအမှတ်-၃၆၂
ကွယ်လွန်သူ ဒေါ်ကျင်အေး၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ဒေါ်အိသဲခိုင် **လျှောက်ထားသူ**

အမှတ် ၁၀၄၂၊ မြပုလဲသွယ်လမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။

အမှတ် ၁၀၅၊ ဘရဏီ၃လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ကျင်အေး ကျန်ရှိရစ်သော ပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ကိတ္တိမသမီးဖြစ်သူ ဒေါ်အိသဲခိုင်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၄ ရက် (၁၃၆၉ ခုနှစ် နတ်တော်လပြည့်နေ့) နံနက် ၉း၃၀နာရီတွင် ကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ကျင်အေး ကျန်ရစ်ခဲ့သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်ဟု အဆိုရှိသူတို့အား အဆိုပါအမှုတွင်ဆိုခဲ့သော ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၂၄ရက် (၁၃၆၉ခုနှစ် နတ်တော်လပြည့်နေ့) နံနက် ၉း၃၀ နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျလွှဲအပ်ထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိဘဲ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်က လျှောက်ထားသူ ဒေါ်အိသဲခိုင်၏ လျှောက်ထားချက်အပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးလှအေး၊ တွဲဖက်တိုင်းတရားသူကြီး(၁၃)
ရန်ကုန်တိုင်းတရားရုံး။

ပြည်သူ့ဆန္ဒသတောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ဒိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ဧတော်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ မွန်မြိုး တိုးတက်အောင် တည်ဆောက်ရေး
* ရေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်ဓာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင် အစည်းအဝေး(၂/၂၀၀၇)ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၈

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင်အစည်းအဝေး(၂/၂၀၀၇)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရုံးအမှတ်(၂၂)ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

ယင်းအစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဒေါက်တာသောင်းမြင့်က ဆောင်ရွက်သည်။

အကြံပြုတင်ပြ

ရှေးဦးစွာ သဘာပတိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင် ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားပြီး မူကြမ်းရေးဆွဲရေး အဖွဲ့ခေါင်းဆောင်များနှင့် ဒုတိယခေါင်းဆောင်များက မိမိတို့အဖွဲ့အလိုက် ဆောင်ရွက်ပြီးစီးသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ■

သဘာပတိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင် အစည်းအဝေး(၂/၂၀၀၇)တွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အိုင်တီနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေမည့် ရတနာပုံတယ်လီပို့ အိုင်စီတီရက်သတ္တဟတ်ပွဲတော်

သတင်းမြင်ကွင်းနှင့် မှတ်တမ်းဓာတ်ပုံ - သတင်းထောက် ထွန်းဇော်(စမ်းချောင်း)

ရန်ကုန် ဒီဇင်ဘာ ၁၈

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ တွင် ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၄ ရက် မတိုင်မီကပင် အနားယူအပန်းဖြေကြသူများ၊ လေ့လာရေးအတွက် လာရောက်ကြသူများ၊ ခရီးစဉ်အတိုင်း ဘုရားဖူးလာကြသူများနှင့် နိုင်ငံခြားသားဧည့်သည်များဖြင့် တောင်ပေါ်မြို့၏အလှနှင့် လွန်စွာမှ သာယာလှပ ရောင်စုံအလှများဖြင့် တင့်တယ်ခဲ့ညား လျက်ရှိသည်။

အထိမ်းအမှတ်ပွဲတော်အသီးသီးကို ဒီဇင်ဘာ ၁၄ ရက်တွင် ဖွင့်လှစ်လိုက်ပြီးနောက် ဝင်ရောက်လေ့လာရာတွင် ပြင်ဦးလွင်မြို့တော်၏ သဘာဝအလှအပများနှင့် စီမံဖော်ဆောင်ထားသည့် *စာမျက်နှာ ၅ ကော်လံ ၁* ✱

- နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေး အဖွဲ့ခေါင်းဆောင်များနှင့် ဒုတိယခေါင်းဆောင်များက မိမိတို့ အဖွဲ့အလိုက် ဆောင်ရွက်ပြီးစီးသည့် အခြေအနေများကို ရှင်းလင်းတင်ပြ။
- ကော်မရှင်အဖွဲ့ဝင်များက ရေးဆွဲတင်ပြသော အခြေခံဥပဒေ မူကြမ်းများအပေါ် အသေးစိတ် ဆွေးနွေး အကြံပြုတင်ပြ။